# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ၊နိုဝင်ဘာလ ၃ဝရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၈၈)၊ ၁၃၈၇ ခုနှစ် ၊ နယုန်လပြည့်ကျော် ၃ ရက် ၊ ၁၃-၆-၂၀၂၅၊ သောကြာနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှု လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အိန္ဒိယလေကြောင်း AI-171 ပျက်ကျခဲ့မှုကြောင့် လူပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရမှုများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒရိုပါဒီ မာမူ ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့တွင် အိန္ဒိယသမ္မတနိုင်ငံ အမီဒါဘတ်မြို့အနီး၌ အိန္ဒိယလေကြောင်း AI-171 ပျက်ကျခဲ့မှုကြောင့် လူပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရမှုများအတွက် ဝမ်းနည်းကြောင်းသဝဏ်လွှာကို အိန္ဒိယသမ္မတနိုင်ငံသမ္မတ ဒရိုပါဒီ မာမူ ထံသို့ ပေးပို့သည်။

စာမျက်နှာ ၂၄ သို့ ❊

## အိန္ဒိယလေကြောင်း AI-171 ပျက်ကျခဲ့မှုကြောင့် လူပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရမှုများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီ နာရန်ဒရာ မိုဒီ ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့တွင် အိန္ဒိယသမ္မတနိုင်ငံ အမီဒါဘတ်မြို့အနီး၌ အိန္ဒိယလေကြောင်း AI-171 ပျက်ကျခဲ့မှုကြောင့် လူပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရမှုများအတွက် ဝမ်းနည်းကြောင်းသဝဏ်လွှာကို အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီ နာရန်ဒရာ မိုဒီ ထံသို့ ပေးပို့သည်။

စာမျက်နှာ ၂၄ သို့ ✱

## ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရန်ကုန်မြို့ရှိ ပုဂ္ဂလိကရုပ်သံရိုက်ကူးထုတ်လုပ်ရေးနှင့် ထုတ်လွှင့်ရေးလုပ်ငန်းများ ကြည့်ရှုအားပေး

ရန်ကုန် ဇွန် ၁၂

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့မွန်းလွဲပိုင်းနှင့် ညနေပိုင်းတို့တွင် ရန်ကုန်မြို့ရှိ ပုဂ္ဂလိက ရုပ်သံလုပ်ငန်းများဖြစ်သည့် Forever Group ကုမ္ပဏီ၏ MRTV-4, Channel-7 နှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Canal+ DTH, Media N ကုမ္ပဏီ၏ M Channel တို့ရိုက်ကူးထုတ်လုပ်ရေးနှင့် ထုတ်လွှင့်ရေးလုပ်ငန်းများဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။






### ညှိနှိုင်းပေါင်းစပ်ဖြေရှင်းပေး

ဦးစွာ ကမာရွတ်မြို့နယ်ရှိ Forever ကုမ္ပဏီနှင့် ပြည်ပကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Canal +DTH ရုံးသို့ ရောက်ရှိရာ CEO က Contant များ ကိုယ်တိုင်ထုတ်လုပ်မှုနှင့် ဝယ်ယူစုဆောင်းမှု၊ ယခုနှစ် ဇူလိုင်လမှစ၍ အင်္ဂလန် Premier League ဘောလုံးပွဲများ ဝယ်ယူ၍ တိုးချဲ့ထုတ်လွှင့်မည့် အစီအမံ၊ အုပ်ချုပ်မှုကိစ္စရပ်များနှင့် လုပ်ငန်းခွင်တွင် ကြုံတွေ့ရသည့်အခက်အခဲများအား ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက သတ်မှတ်ခွင့်ပြုထားရှိသည့် မီဒီယာကျင့်ဝတ်နှင့် သက်ဆိုင်ရာ ဥပဒေ၊ Update ညွှန်ကြားချက်များနှင့်အညီ ဂရုပြုလိုက်နာဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဖြေရှင်းပေးသည်။

ဆက်လက်၍ မရမ်းကုန်းမြို့နယ် ရေကူးအသံလွှင့်ရုံဝင်းအတွင်းရှိ Forever ကုမ္ပဏီ၏ မီဒီယာလုပ်ငန်းခွင်သို့ ရောက်ရှိရာ ကုမ္ပဏီမှ တာဝန်ရှိသူများက မြေနေရာငှားရမ်း၍ စတူဒီယိုများ တည်ဆောက်ကာ MRTV-4 & Channel- 7 တို့ စီစဉ်ထုတ်လွှင့်မှု၊ အစီအစဉ်နှင့် ဇာတ်လမ်းတွဲများ ရိုက်ကူးတည်းဖြတ် ထုတ်လုပ်မှု၊ တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်ရေးယာဉ်များ အသုံးပြု၍ အားကစားပွဲများ သွားရောက်ရိုက်ကူးထုတ်လွှင့်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး လိုက်လံပြသကြရာ ပြည်ထောင်စုဝန်ကြီးက ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ယင်းရေကူးစက်ရုံဝင်းအတွင်းရှိ စတူဒီယိုအား ငှားရမ်းလုပ်ငန်း ဆောင်ရွက်နေသော Media N ကုမ္ပဏီ၏ M Channel ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး စတူဒီယို အဆောက်အအုံကို ပြင်ဆင်မွမ်းမံ၍ ထိန်းသိမ်းဆောင်ရွက်ထားရှိမှုနှင့် စတူဒီယို နှစ်ခုတွင် ရိုက်ကူးရေးလုပ်ငန်းများ ဆောင်ရွက်မှုတို့ကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

သတင်းစဉ်

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇွန် ၁၂

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၅ ခုနှစ်၊ ဇွန် ၁၃ ရက်၊ သောကြာနေ့။
မန္တလေး နေ့စဉ်

# ကျောင်းစာကြည့်တိုက်တွင် စာပေဖတ်မှတ်လေ့လာပါ

ပညာရရှိရန်အတွက် စာသင်ကျောင်းများတွင် ဆည်းပူးရှာဖွေနိုင်သည်။ အသိပညာဟူသည်ကား ရှာ၍မကုန် ယူ၍မခန်းနိုင်သော သဘောရှိပါသည်။ မိမိဖတ်လိုသော စာအုပ်မျိုးစုံကို တစ်နေရာတည်းတွင် အလွယ်တကူ ဖတ်ရှုနိုင်သည်မှာ စာကြည့်တိုက်ပင်ဖြစ်သည်။ ကျောင်းစာကြည့်တိုက်များတွင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိဖတ်ရှုလိုသော စာအုပ်များကို အလွယ်တကူ ရှာဖွေဖတ်ရှုနိုင်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းစုံညီခန်းမ၌ ဆရာ၊ ဆရာမများအား တွေ့ဆုံ၍ အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားရာတွင် ကျောင်းစာကြည့်တိုက်နှင့်ပတ်သက်၍ ကျောင်းသား၊ ကျောင်းသူများ၏ အသက်အရွယ်နှင့် ကိုက်ညီသည့် စာအုပ်များထားရှိရန်လိုပြီး ကျောင်းသား၊ ကျောင်းသူများနှင့် မသက်ဆိုင်သည့် စာအုပ်၊ စာပေများ မထားရှိရန်လိုကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ သုတ၊ ရသ စာပေများ ဖတ်ရှုလေ့လာခြင်းဖြင့် အသိပညာ၊ အတတ်ပညာများ တိုးပွားလာပြီး ၎င်းတို့ဘဝအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ အတန်းပညာကို သင်ကြားမှုမှရရှိသကဲ့သို့ အသိပညာအား စာအုပ်စာပေးများဖတ်ရှုခြင်းမှ ရရှိနိုင်ကြောင်း၊ ကလေးငယ်များကို သင်ကြားလေ့ကျင့်ပေးရသည့်သူများဖြစ်သည့် ဆရာ၊ ဆရာမများအနေဖြင့်လည်း အသိပညာများပြည့်ဝစေရေး စာပေဖတ်မှတ်လေ့လာခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်စေလိုကြောင်း၊ မိမိတို့တာဝန်ယူထားရသည့် ဘာသာရပ်များအလိုက် ကျွမ်းကျင်ပိုင်နိုင်စွာ သင်ကြားလေ့ကျင့်ပေးနိုင်ရမည် ဖြစ်သကဲ့သို့ မိမိတို့ကြုံတွေ့ခဲ့ရသည့် ဘဝအတွေ့အကြုံများ၊ စာပေဖတ်မှတ်ခြင်းမှရရှိခဲ့သည့် အသိအမြင်များကိုလည်း ကလေးငယ်များထံသို့ မျှဝေပေးနိုင်ရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးနိုင်မှသာလျှင် မိမိတို့နိုင်ငံ၏ အနာဂတ်ကို ဦးဆောင်ကြမည့် အနာဂတ်မျိုးဆက်သစ် လူသားအရင်းအမြစ်ကောင်းများကို ပိုမိုမွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

စာပေတွင် ရသစာပေနှင့် သုတစာပေဟူ၍ရှိရာ လူတို့၏ နှလုံးသားအာဟာရ၊ ဦးနှောက်အာဟာရတို့အတွက် စာပေတို့ကို ဖတ်ရှုသင့်ကြသည်သာဖြစ်သည်။ ရသအဖွဲ့စာပေတို့ကို ဖတ်ရှုရသည့်အခါ စာပေ၏အစွမ်းကြောင့် စာဖတ်သူသည် မိမိပတ်ဝန်းကျင်နှင့် သတ္တလောက၊ ဩကာသလောကတို့ကို သတိပြုလာစေပြီး ကြည့်တတ်၊ မြင်တတ်လာစေသည်။ လောကတို့၏ သဘာဝနှင့် အလှအပတို့အပေါ် နားလည်ခံစားမှုတို့မှ တစ်ဆင့် အပြုသဘောအမြင်များ၊ ချစ်ခင်တွယ်တာမှုများ၊ စိတ်ကောင်းနှလုံးကောင်းများ စသည်တို့ ဖွံ့တည်လာသည်။ ထိုအခါ တိုင်းချစ် ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်တို့မှာလည်း စာဖတ်သူ၏ စိတ်သန္တာန်တွင် ကိန်းအောင်းလာသည်။

သို့ဖြစ်ရာ စာကောင်းပေမွန်တို့ကို ငယ်စဉ်ကာလ ကျောင်းသားဘဝကပင် စွဲစွဲမြဲမြဲဖတ်ရှုသည့် အလေ့အထတို့ရှိကြဖို့ လိုအပ်မည်ဖြစ်သည်။ စာအုပ်ဝယ်ဖတ်ရန် ငွေကြေးမရင်းနှီးလိုသူ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ငွေကြေးကုန်ကျမရှိ စာဖတ်နိုင်သည့်နေရာမှာ ကျောင်းစာကြည့်တိုက်များပင်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## (၃၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်





**မန္တလေး ဇွန် ၁၂**

၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့၌ မန္တလေးမြို့တွင် ကျင်းပပြုလုပ်မည့် (၃၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲ ၃ နာရီက တိုင်းဒေသကြီး အစိုးရ အဖွဲ့ရုံး သုံးထပ်ဆောင် အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ မန္တလေး တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့်ကော်မတီဝင်များ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုးက အဖွင့်အမှာစကား ပြောကြားပြီး အတွင်းရေးမှူး၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းဗိုလ်က ဆွေးနွေးတင်ပြသည်။

ထို့နောက် အမှတ်(၁) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ဝင်းဇော်က ဖြည့်စွက်ဆွေးနွေးတင်ပြပြီး အခမ်းအနားပြင်ဆင်ရေး လုပ်ငန်းကော်မတီ၊ ဘဏ္ဍာငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး လုပ်ငန်းကော်မတီ၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းကော်မတီ၊ မီးရှို့ဖျက်ဆီးရေးလုပ်ငန်းကော်မတီ၊ ထိန်းချုပ်ဓာတုပစ္စည်း စွန့်ပစ်ဖျက်ဆီးရေး ကော်မတီနှင့် ပြခန်းဖြစ်မြောက်ရေးလုပ်ငန်းကော်မတီတို့မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အသီးသီး ရှင်းလင်းဆွေးနွေးကြကာ လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **(၀၉၃)**

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဇွန် ၁၂**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်၊ ၅၄လမ်း၊ လမ်း ၁၁၀နှင့် ၁၁၁လမ်းကြား၊ ထွန်းတုံးရပ်ကွက်တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဇွန် ၁၃ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ ၁၁၈လမ်း၊ ၇၂လမ်းနှင့် ၇၃လမ်းကြား တို့တွင်လည်းကောင်း၊ ဇွန် ၁၄ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ၃၆လမ်းနှင့် ၆၉လမ်းထောင့်၊ ဝန်ထမ်းအိမ်ရာအနီး၌လည်းကောင်း၊ အမရပူရမြို့နယ်၊ လေးစုရပ်ကွက်၊ လေးစုမွှောရုံ၊ အထက(၁) အနောက်ဘက်တို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အောက်ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)



**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper@gmail.com မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ် ချန်ဒူးမြို့၌ ကျင်းပသော 2nd Belt and Road Initiative Science and Technology Exchange Conference သို့ တက်ရောက်

**နေပြည်တော် ဇွန် ၁၂**

2nd Belt and Road Initiative Science and Technology Exchange Conference အခမ်းအနားသို့တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ် ချန်ဒူးမြို့၌ ရောက်ရှိနေသော သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ဇွန် ၁၀ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Chen Jiachang နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား သိပ္ပံနှင့် နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များဆောင်ရွက်ရေး၊ပူးတွဲသုတေသနလုပ်ငန်းများဆောင်ရွက်ရေး၊ နယ်ပယ်အသီးသီးတွင် AI နည်းပညာအသုံးချမှု ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် နှစ်နိုင်ငံ တက္ကသိုလ်များအကြားနားလည်မှုစာချွန်လွှာများ ရေးထိုးနိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် 2nd Belt and Road Initiative Science and Technology Exchange Conference အခမ်းအနားတွင် ခင်းကျင်းပြသထားသော နည်းပညာပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ဇွန် ၁၁ ရက် နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် 2nd Belt and Road Initiative Science and Technology Exchange Conference ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် Goals and Practice of Poverty Alleviation Through Science and Technology ဖိုရမ်သို့ တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး (အပေါ်ယာပုံ) သိပ္ပံနှင့် နည်းပညာဖလှယ်ရေးဆိုင်ရာ ရပ်ဝန်းနှင့် ပိုးလမ်းမ ဝန်ကြီးများအဆင့် အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။




သတင်းစဉ်

# ထိရောက်သည့်အခွန်စနစ်ဖြစ်ပေါ်စေရေးအတွက် ဆောင်ရွက်မည့်အစီအမံများနှင့်စပ်လျဉ်း၍ စီမံချက်ရေးဆွဲပြုစုတင်ပြရေးအစည်းအဝေးနှင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဘဏ်ချေးငွေရရှိရေး လုပ်ငန်းအဖွဲ့အစည်းအဝေးများကျင်းပ

**နေပြည်တော် ဇွန် ၁၂**

ထိရောက်သည့် အခွန်စနစ်ဖြစ်ပေါ်စေရေးအတွက် ဆောင်ရွက်မည့်အစီအမံများနှင့် စပ်လျဉ်း၍ စီမံချက်ရေးဆွဲပြုစုတင်ပြရေးအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ် (၃၂) အစည်းအဝေးခန်းမ၌ ကျင်းပရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထွဋ်၊ နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ စီးပွားရေးရာ ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အခွန်ကောက်ခံရန်လျာထားချက်နှင့် ထိရောက်သည့် အခွန်စနစ်ဖြစ်ပေါ်လာစေရေးအတွက် သုံးသပ်လေ့လာတွေ့ရှိချက်များကိုလည်းကောင်း၊ နေပြည်တော် ကောင်စီဝင်နှင့် တိုင်းဒေသကြီး၊ ပြည်နယ် စီးပွားရေးရာဝန်ကြီးများက ဒေသတွင်း အခွန်တိုးတက် ကောက်ခံရရှိရေးအတွက် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများက အခွန်ကောက်ခံရရှိမှု အခြေအနေများကိုလည်းကောင်း ဆွေးနွေးကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် SME နှစ်ဆင့်ချေးငွေစီမံကိန်းအကောင်အထည်ဖော်မှုနှင့်စပ်လျဉ်း၍ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဘဏ်ချေးငွေရရှိရေး လုပ်ငန်းအဖွဲ့အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၅) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၂၆) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးမင်းထွဋ်က SME နှစ်ဆင့်ချေးငွေစီမံကိန်း အဆင့်-၁ ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး စီမံကိန်းအဆင့်-၂ ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ စီမံကိန်းအဆင့်-၁ တွင် ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်း (Participating Financial Institutions – PFI) ဘဏ်ခြောက်ဘဏ်မှ တစ်ဆင့် ၂၀၂၅ ခုနှစ် မေလကုန်အထိ SME လုပ်ငန်းရှင် ၆၉၇ ဦးသို့ချေးငွေကျပ် ၁၆၈ ဒသမ ၂၆၅ ဘီလီယံ ထုတ်ချေးခဲ့ပြီး ဖြစ်ကြောင်း၊ စီမံကိန်းအဆင့်-၂ တွင် PFI ဘဏ် ၁၁ ဘဏ်မှတစ်ဆင့် ၂၀၂၅ ခုနှစ် မေလကုန်အထိ SME လုပ်ငန်းရှင် ၁၉၉၁ ဦးသို့ ချေးငွေကျပ် ၄၀၃ ဒသမ ၄၅၀ ဘီလီယံ ထုတ်ချေးခဲ့ပြီးဖြစ်ကြောင်း၊ စီမံကိန်းရည်မှန်းချက်များကို ပြည့်မီစွာ ဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက် ချေးငွေစည်းကမ်းများနှင့်အညီ ချေးငွေများကို သတ်မှတ်ချိန်အတွင်း ပြန်လည်ပေးဆပ်နိုင်ရေးနှင့် ချေးငွေအသစ်များကိုသတ်မှတ်ထားသည့်ချေးငွေစည်းမျဉ်း/ စည်းကမ်းများနှင့်အညီ ထုတ်ချေးနိုင်ရေး စနစ်တကျ ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ချေးငွေများ ထုတ်ချေးရာတွင် ကြုံတွေ့နေရသည့်အခက်အခဲများနှင့် ယင်းအခက်အခဲများကို ဖြေရှင်းနိုင်မည့် နည်းလမ်းများကို လုပ်ငန်းကော်မတီဝင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရန် ပြောကြားသည်။

ထို့နောက် လုပ်ငန်းအဖွဲ့ဝင်များက SME နှစ်ဆင့်ချေးငွေထုတ်ပေးထားမှု၊ ချေးငွေပြန်လည်ပေးဆပ်မှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို တင်ပြဆွေးနွေးကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ငလျင်ဒဏ်ကြောင့် ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် မြို့နယ်လူမှုဖူလုံရေးအဖွဲ့က လက်ဝယ်အရောက်ထုတ်ပေး

**မန္တလေး ဇွန် ၁၂**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ် လူမှုဖူလုံရေးအဖွဲ့က ၂၀၁၂ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ လုပ်ငန်းခွင်ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်ထုတ်ပေးခြင်းကို ဇွန် ၁၀ ရက် ညနေ ၄နာရီက မြို့နယ်လူမှုဖူလုံရေးရုံးတွင် ပြုလုပ်ခဲ့သည်။




အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ထွန်းက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၊ တိုင်းဒေသကြီး တာဝန်ခံအရာရှိ၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ထွန်းက မိတ္ထီလာမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော ပြည်တွင်းကုန်တင်ကုန်ချဌာနစိတ်မှ အာမခံအလုပ်သမား ဦးပေါ်စိန်သည် မတ် ၂၈ရက် မန္တလေးငလျင်ကြီးဒဏ်ကြောင့် ဆန်ဂိုထောင်တွင် ဆန်အိတ်ပုံများ ပြိုကျ၍ ထိခိုက်မှုကြောင့် သေဆုံးခဲ့ခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်ငွေလုံးငွေရင်း ကျပ်သိန်း ၅၀ ကို သေဆုံးသူ၏သမီး ဒေါ်ဖြူဖြူဝင်းထံ လက်ဝယ်အရောက်ပေးအပ်ခဲ့သည်။

လူမှုဖူလုံရေးအဖွဲ့သည် ၂၀၁၂ လူမှုဖူလုံရေးဥပဒေနှင့် အညီ လုပ်ငန်းခွင်သေဆုံးခြင်း၊ ထိခိုက်ခြင်း မသန်စွမ်းဖြစ်ခြင်းများအား အကျိုးခံစားခွင့်များထုတ်ပေးခြင်း၊ ဆေးကုသစရိတ်များပေးခြင်း၊ လူမှုဖူလုံရေးအဖွဲ့ဆေးခန်းများနှင့် အလုပ်သမားဆေးရုံကြီးတွင်အခမဲ့ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

(ခဲပုံ)

(၀၄၅)

# ကိုဗစ်-၁၉ ရောဂါကူးစက်မှုမရှိစေရေး ကာကွယ်ဆေးများဆက်လက်ထိုးနှံပေး

**ကျောက်ဆည် ဇွန် ၁၂**

ကိုဗစ်-၁၉ရောဂါနှင့် မျိုးရိုးဗီဇပြောင်းရောဂါကူးစက်မှုမရှိစေရေး ကာကွယ်ဆေးများ စဉ်ဆက်မပြတ် ထိုးနှံပေးလျက်ရှိရာ ယနေ့ နံနက် ၉နာရီက ကျောက်ဆည်မြို့ ပြည်သူ့ဆေးရုံကြီးတွင် နောက်ဆုံးအကြိမ် ထိုးနှံပြီး ခြောက်လပြည့်ပြီးသူများအား ထပ်ဆောင်းကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

ကျောက်ဆည်မြို့နယ်အနေဖြင့် ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးများထိုးနှံရာတွင် လွှမ်းခြုံမှုရှိရေး၊ ကိုဗစ်-၁၉ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဦးဆောင်မှုဖြင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောက်ဆည်မြို့ ပြည်သူ့ဆေးရုံကြီးတွင် နောက်ဆုံးအကြိမ် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ဆေးထိုးနှံပြီး ခြောက်လပြည့်ပြီးသူ ဝန်ထမ်းများနှင့် ပြည်သူများအား ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**အောင်ပိုင်ပိုင်ကျော်**

# မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ပြန်လည်ကျင်းပစစ်ဆေးသည့် ၂၀၂၅ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအတွက် စာစစ်ဌာနများ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေး





**မန္တလေး ဇွန် ၁၂**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက ပြန်လည်ကျင်းပစစ်ဆေးသည့် ၂၀၂၅ ခုနှစ်တက္ကသိုလ်ဝင် စာမေးပွဲအတွက် စာစစ်ဌာနများ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ လိုက်လံကြည့်ရှုစစ်ဆေးရာတွင် ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်း၊ မဟာအောင်မြေမြို့နယ်ရှိ အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ အမှတ်(၁၃)အခြေခံပညာအထက်တန်းကျောင်း၊ အောင်မြေသာစံမြို့နယ်ရှိ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။




အဆိုပါ ကျောင်းများသို့ ရောက်ရှိစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်အား တိုင်း/ခရိုင်/မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများက ပြန်လည်ကျင်းပစစ်ဆေးသည့် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ဖြေဆိုနိုင်ရေး စာဖြေခန်းများအား ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ သက်ဆိုင်ရာစာစစ်ဌာနများ၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများစိစစ်ထုတ်ပေးထားမှုများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တက္ကသိုလ်ဝင်စာမေးပွဲ မကြာခင်ကျင်းပတော့မည်ဖြစ်ရာ ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းမြေ့စွာဖြင့် ဘာသာရပ်အားလုံးပြီးဆုံးသည်အထိဖြေဆိုနိုင်ရေး အလေးထားကာ ဂရုတစိုက်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ စာဖြေခန်းများတွင် အလင်းရောင်ကောင်းမွန်စွာနေ့စဉ်ရရှိရေး စနစ်တကျကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များတွင် လွယ်ကူလျင်မြန်ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရန် အသင့်ပြင်ဆင်ဆောင်ရွက်ထားရန်လိုအပ်ပါကြောင်း၊ လုံခြုံရေးဆိုင်ရာကဏ္ဍများတွင် သက်ဆိုင်ရာအဖွဲ့များဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့် ပတ်သက်၍ လိုအပ်သည်များရှိပါက အချိန်နှင့်တစ်ပြေးညီတင်ပြသွားရန်နှင့် လိုအပ်ချက်များကိုလည်း ချက်ချင်း ဖြည့်ဆည်းဆောင်ရွက်ပေးနေပါကြောင်း ပြောကြားပြီး ရှင်းလင်းတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀











သတင်း-စာမျက်နှာ ၄














# အောင်မြေသာစံခရိုင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ(၃/၂၀၂၅) အစည်းအဝေးနှင့် ခရိုင်အမျိုးသမီးကော်မတီအစည်းအဝေး ပြုလုပ်

**မန္တလေး ဇွန် ၁၂**

မန္တလေး၊ အောင်မြေသာစံခရိုင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ(၃/၂၀၂၅) အစည်းအဝေးနှင့် ခရိုင်အမျိုးသမီးကော်မတီအစည်းအဝေးကို ယနေ့နံနက် ၁၀နာရီက ၁၂လမ်း၊ ၇၃ လမ်းထောင့်ရှိ လူငယ်သင်တန်းကျောင်း(မန္တလေး) အစည်းအဝေးခန်းမတွင် ပြုလုပ်သည်။

အခမ်းအနားသို့ ခရိုင်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီဝင်များ၊ ခရိုင်အမျိုးသမီးကော်မတီဝင်များ၊ မြို့နယ်ကလေးသူငယ် အခွင့်အရေးများဆိုင်ရာကော်မတီဝင်များ၊ မြို့နယ်အမျိုးသမီးကော်မတီဝင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ခရိုင်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ၊ ခရိုင်အမျိုးသမီးကော်မတီဥက္ကဋ္ဌကိုယ်စားလက်ထောက်ညွှန်ကြားရေးမှူး ဦးမြတ်သူအောင်က အမှာစကားပြောကြားပြီး ကော်မတီအတွင်းရေးမှူး လူငယ်သင်တန်းကျောင်း၊ ကျောင်းအုပ်ကြီး ဦးကျော်ဇင်ထွန်းက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုများ၊ ခရိုင်အတွင်း ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ထားရှိမှုများနှင့် အမျိုးသမီးလုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြ သည်။



ထို့နောက် ခရိုင်ကလေးသူငယ်ကော်မတီဝင်များနှင့် ခရိုင်အမျိုးသမီးကော်မတီဝင်များမှ ကဏ္ဍအလိုက် အသီးသီးဆွေးနွေးတင်ပြကြခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(ဝ၉၃)

# ဉောင်ဦးမြို့နယ်၌ မိုးရေလုံလောက်စွာရရှိ တောင်သူများ မိုးနှမ်းအောင်မြင်ဖြစ်ထွန်း

**ဉောင်ဦး ဇွန် ၁၂**

မန္တလေးတိုင်းဒေသကြီး ဉောင်ဦးမြို့နယ်၌ မိုးရေလုံလောက်စွာရရှိသဖြင့် မိုးနှမ်းများ အောင်မြင်ဖြစ်ထွန်းနေကာ တောင်သူများ နှမ်းအထွက်နှုန်းကောင်းမွန်မည်ဖြစ်ကြောင်း တောင်ဘက်ကျေးရွာ မိုးနှမ်းစိုက်တောင်သူများထံမှ သိရသည်။

ဉောင်ဦးမြို့နယ်တွင် မိုးနှမ်း ၃၁၇၄ ဧကစိုက်ပျိုးထားရှိပြီး မိုးနှမ်းခင်းများအောင်မြင်ဖြစ်ထွန်းနေကာ အဖူးအပွင့်များစတင်ဖူးပွင့်နေပြီးဖြစ်ကြောင်း၊ မိုးနှမ်းစိုက်ခင်းများ တစ်ပြေးညီကောင်းနေခြင်းကြောင့် မိုးနှမ်းအထွက်နှုန်းကောင်းမှာ သေချာနေပြီဖြစ်ကြောင်း သိရသည်။

ဉောင်ဦးမြို့နယ် ကျေးလက်တောင်သူများသည် မကွေးဖြူ၊ ဆင်းရတနာ-၃၊ မယ်သီလ၊ နှမ်းနီ ၂၅၊ ၁၆၀ နှမ်းမျိုးများ စိုက်ပျိုးကြကာ နှမ်းအထွက်နှုန်းကောင်းမွန်မည်ဖြစ်ကြောင်း၊ ဉောင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ ဝန်ထမ်းများကလည်း ကျေးလက်တောင်သူများ နှမ်းမျိုးများအကြောင်း ပညာပေးဟောပြောခြင်း၊ စိုက်နည်းမှန်၊ ရိတ်သိမ်းမှန်၊ နှမ်းအထွက်နှုန်းအတွက် လိုအပ်သည့် ပညာပေးဆွေးနွေးခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဉောင်ဦးမြို့နယ်တွင် ဧပြီလမှ စတင် မိုးရွာသွန်းခဲ့ပြီး နှမ်းများ ကြဲပက်စိုက်ပျိုးခဲ့ကာ ဇွန်လတွင် မိုးနှမ်းများ အဖူးအပွင့်များ လှိုင်လှိုင်ပွင့်နေပြီဖြစ်ပြီး မိုးနှမ်းအထွက်နှုန်း ကောင်းမည်ဖြစ်ကြောင်း ကျေးလက်တောင်သူများက ပြောကြားကြောင်း သိရသည်။

(၄၈၁)

# ရန်ကုန်ယူနိုက်တက်အသင်းနှင့် လာအိုကလပ် Ezra အသင်းတို့ Preliminary stage တွင် တွေ့ဆုံ

**ရန်ကုန် ဇွန် ၁၂**

ရန်ကုန်ယူနိုက်တက်အသင်းသည် လာမည့် AFC Challenge League 2025/2026 ပြိုင်ပွဲ (Preliminary stage)တွင် လာအိုကလပ် Ezra အသင်းနှင့်တွေ့ဆုံ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်ကို ၂၀၂၅ ခုနှစ်၊ ဩဂုတ် ၁၂ ရက်တွင်၊ လာအိုနိုင်ငံ ဗီယန်ကျင်းမြို့ရှိ Lao National Stadium သို့သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး Preliminary stage တွင်အနိုင်ရရှိသည့် အသင်းသည် AFC Challenge League 2025/2026 (Group stage) ပြိုင်ပွဲသို့ ဆက်လက်ယှဉ်ပြိုင်ရမည် ဖြစ်သည်။

Ezra အသင်းသည် ပြီးခဲ့သည့် လာအိုလိဂ် ၂၀၂၄/၂၀၂၅ ပြိုင်ပွဲ ချန်ပီယံအသင်းဖြစ်ပြီး ယခုနှစ်မှ စတင်ကာ AFC ပြိုင်ပွဲသို့ စတင်ဝင်ရောက်ယှဉ်ပြိုင်မည့် အသင်းလည်းဖြစ်သည်။ **(NGB)**

# လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်(၃၀)ပြည့် အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနား ကျင်းပ

**မန္တလေး ဇွန် ၁၂**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်(၃၀)ပြည့်အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေး ပြည်သူ့ဆေးရုံကြီး မန်းတောင်ရိပ် (၉) ထပ်ဆောင် ဘက်စုံသုံးခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူး ဦးစိုးလွင်၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းနိုင်၊ ဆေးရုံအုပ်ကြီး ဒေါက်တာဆန်းလွင်ဦးနှင့် ဆရာဝန်ကြီးများ တက်ရောက်အားပေးခဲ့ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သွေးလှူရှင် ၇၁ ဦးကို သွေးလှူဘဏ် တာဝန်ခံ ရောဂါဗေဒ ဆရာဝန်ကြီး၊ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက လိုအပ်သော ကျန်းမာရေး စစ်ဆေးပေးခြင်းများ ဆောင်ရွက်၍ သွေးဖောက်လက်ခံနေမှုများ၊ သွေးလှူရှင်များက သွေးလှူဒါန်းနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး သွေးလှူရှင်များကို အားဆေး၊ အာဟာရဖြည့်စွက်စာများ ပေးအပ်ခဲ့ကြောင်းနှင့် သွေးလှူရှင်များကိုယ်စား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးနှင့် တာဝန်ရှိသူများက သွေးအိတ်များကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မန္တလေးနေ့စဉ်**















# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ ဒက္ခိဏာရာမဘုရားကြီးကျောင်းတိုက်အတွင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများအား ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် ကျောက်ဆည်မြို့ ကုလားကျောင်းကျေးရွာအုပ်စု အရှေ့ရွာနန်းပုဂံကျောင်း၌ ငလျင်ဒဏ်ကြောင့် ဘုရားစေတီများ ထိခိုက်ပျက်စီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဇွန် ၁၂

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ငလျင်ဘေးဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်းများဖြစ်သော နှစ်(၇၀၀)ပြည့်အားကစားကွင်း ငလျင်ဘေးဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်း၊ ဝန်ထမ်းအိမ်ရာငလျင်ဘေးဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်းနှင့် စကုမှော်ငလျင်ဘေးဒဏ်သင့် ပြည်သူများ စောင့်ရှောက်ရေးစခန်းများရှိ အိမ်ထောင်စု စုစုပေါင်း ၇၉၇ စုတို့အား သွားရောက်တွေ့ဆုံပြီး ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော ၎င်းတို့နေအိမ်များကို ဖယ်ရှားရှင်းလင်းပြီး မူလနေရာများတွင် ပြန်လည်နေထိုင်နိုင်ရေးအတွက် လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် စစ်ကိုင်းမြို့ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ကျောင်းဆောင်အဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံနေသည့်အခြေအနေများနှင့် တက္ကသိုလ်ပရဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ အမှတ် (၁)အခြေခံပညာ အထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများ သောက်သုံးရန် ရေသန့်စက်ဆောက်လုပ်ပြီးစီးမှု အခြေအနေများ၊ ယာယီကျောင်းဆောင် ဆောက်လုပ်နေမှုအခြေအနေများ၊ ရေဝတီတံတား (ရတနာပုံ) စစ်ကိုင်းဘက်တံတားအောက်ရှိ ရေဝပ်သည့်နေရာများတွင် စက်ယန္တရားကြီးများဖြင့် မြေဖို့ခြင်းနှင့် မြေညှိခြင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် ရန်အောင်မြင်ဆုတောင်းပြည့်မြတ်စွာဘုရားနှင့် သကျမိတ္တာသီလရှင် စာသင်တိုက်တို့တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စက်ယန္တရားကြီးများကို အရှိန်အဟုန်မြှင့် အသုံးပြု၍ဖယ်ရှားရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ရပ်ကွက်များရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိလူနေ အဆောက်အအုံများတွင် ဖြိုချရှင်းလင်းရန် ကျန်အဆောက်အအုံများကို လုပ်ငန်းဆောင်ရွက်ရန် ပြင်ဆင်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ ဖြိုချပြီးအပျက်အစီးများအား အပြီးသတ်ရှင်းလင်းနေမှုအခြေအနေများကိုလည်းကောင်း၊ မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ရပ်ကွက်ရှိ ကင်းဝန်မင်းကြီးကျောင်းတိုက်သို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ပင်မကျောင်းဆောင်နှင့် သိမ်ကျောင်းနေရာများရှိ ဖြိုချပြီးအပျက်အစီးများအား စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ရှင်းလင်းနေမှုအခြေအနေများကိုကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အမရပူရမြို့နယ် တောင်သမန်းကျေးရွာရှိ မဟာသက်ကျရံသီကျောက်တော်ကြီးမြတ်စွာဘုရားများသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော စိန်ဖူးတော်များနှင့် ဌာပနာပစ္စည်းများအား သိမ်းဆည်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ အပျက်အစီးများ စတင်ရှင်းလင်းဆောင်ရွက်နေမှု အခြေအနေများအားလည်းကောင်း၊ ဘုရားပရိဝုဏ်အတွင်း ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ မှန်တန်းရပ်ရှိ မဏိဇောတဓမ္မရိပ်သာကျောင်းတိုက်သို့ ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံ အပျက်အစီးများအား စက်ယန္တရားများအသုံးပြု၍ အင်တိုက်အားတိုက် ဖယ်ရှားရှင်းလင်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းထိုင်ဆရာတော်ကြီးအား သွားရောက် ဖူးမြော်ကြည်ညို၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဒက္ခိဏာရာမ ဘုရားကြီးကျောင်းတိုက်သို့ရောက်ရှိပြီး ကျောင်းတိုက်အတွင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများအား စက်ယန္တရားကြီးများ အသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများကို လည်းကောင်း၊ ဦးပွားစေတီတော်မြတ်ကြီးအား ပြန်လည်ပြုပြင်ရန် ဆောင်ရွက်ထားရှိမှုအခြေအနေများကို လည်းကောင်း၊ ကျောင်းတိုက်အတွင်းရှိ သာသနိကအဆောက်အအုံများနှင့် ဘုရားစေတီအပျက်အစီးများအား တပ်မတော်သားစစ်သည်များက အင်တိုက်အားတိုက် ရှင်းလင်းဖယ်ရှားနေမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုအားပေးပြီး လုပ်ငန်းခွင်အန္တရာယ်မရှိစေရေး စနစ်တကျပြုလုပ် ဆောင်ရွက်သွားရန်၊ လုပ်ငန်းများ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်မြို့ ကုလားကျောင်းကျေးရွာအုပ်စုရှိ အရှေ့ရွာနန်းပုဂံကျောင်းတွင် ငလျင်ဒဏ်ကြောင့် ဘုရားစေတီများ ထိခိုက်ပျက်စီးမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျောင်းထိုင်ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ ကျောက်ဆည်မြို့ မြင်စိုင်းမြို့ဟောင်း မြို့ကွက်(ဂ)အတွင်းရှိ နန်းဦးဘုရား ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် ငြမ်းဆင်နေမှုအခြေအနေများ၊ ပတ္တာကျေးရွာအုပ်စုရှိ ရွာဦးဘုန်းကြီးကျောင်းတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများ၊ အမှတ်(၆)အခြေခံမူလတန်းကျောင်း၌ G-1 နှင့် G-2 ကျောင်းသား ကျောင်းသူများအား ROTARY CLUB အဖွဲ့မှ စာရေးကိရိယာများ ပေးအပ်နေမှုအခြေအနေကိုလည်းကောင်း၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးသွားသော ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများကို စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုခဲ့ပြီး ဒေသခံပြည်သူများ၏ တင်ပြချက်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော စစ်ကိုင်းမြို့ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်ရှိ ကျောင်းဆောင်အဆောက်အအုံများအား ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိလူနေ အဆောက်အအုံများတွင် ဖြိုချပြီးအပျက်အစီးများ အပြီးသတ်ရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

## ရပ်ကွက်၊ ကျေးရွာပေါင်းစုံ အမျိုးသမီး(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဆုပေးပွဲ ကျင်းပ

**တာချီလိတ် ဇွန် ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ(ဖလား) ရပ်ကွက်၊ ကျေးရွာပေါင်းစုံ အမျိုးသမီး (အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယမန်နေ့ ညနေပိုင်းက မြို့မအားကစားကွင်းတွင် ကျင်းပခဲ့သည်။

ဗိုလ်လုပွဲတွင် တာလေအမျိုးသမီးဘောလုံးအသင်းနှင့် ရန်အောင်မြေအမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တာလေအသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။ ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန္ဒာထွန်းနှင့် တာဝန်ရှိသူများက နေရာအလိုက် အကောင်းဆုံးကစားသမားဆု၊ အကောင်းဆုံးဂိုးသမားဆု၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆုများ အပါအဝင် ပထမဆု၊ ဒုတိယဆု ရရှိသောအသင်းမှ တစ်ဦးချင်း လည်ဆွဲဆု၊ ငွေသားဆုနှင့် ဆုဖလားအား ဂုဏ်ပြုချီးမြှင့်ပေးအပ်ခဲ့သည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကိုယ်စားပြု လက်ရွေးစင်အမျိုးသမီးအားကစားသမားကောင်းများ ရွေးထုတ်နိုင်ရန်၊ အမျိုးသမီးများ ကျန်းမာကြံ့ခိုင်သန်စွမ်းစေရန်နှင့် အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန် ရည်ရွယ်ကျင်းပကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အိန္ဒိယနိုင်ငံ၌ လူ ၂၄၂ ဦးလိုက်ပါသည့် ဘိုးရင်း ၇၈၇-၈ လေယာဉ်တစ်စင်းပျက်ကျ

## ယာဉ်ပေါ်လိုက်ပါသူအားလုံး အသက်ရှင်ကျန်ရစ်သူမရှိဟု ဒေသဆိုင်ရာမီဒီယာများ ဖော်ပြ

**နယူးဒေလီ ဇွန် ၁၂**

ယာဉ်ပေါ်၌ လေယာဉ်မှူးနှစ်ဦးနှင့် လေယာဉ်အမှုထမ်း ၁၀ ဦးအပါအဝင် လူ ၂၄၂ ဦး လိုက်ပါပြီး လန်ဒန်သို့ ပျံသန်းသည့် အဲအိန္ဒိယလေယာဉ်တစ်စင်းသည် ဇွန် ၁၂ ရက်တွင် အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ်အနောက်ပိုင်း လေဆိပ်တစ်ခုမှ ပျံတက်ပြီး မကြာမီ ပျက်ကျမှုဖြစ်ပွားခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။

လေယာဉ်ပျက်ကျမှုကြောင့် လူအများအပြား အသက်ဆုံးရှုံးခဲ့ရကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါ လေယာဉ်သည် ဂူဂျာရတ်ပြည်နယ် ဂန်ဒီနာဂါမြို့၏ တောင်ဘက် ၁၇ ကီလိုမီတာခန့်အကွာ အမီဒါဘတ်မြို့ ဆာဒါဗလာဘီဘက်ပက်တယ် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာခြင်းဖြစ်ကြောင်း သိရသည်။

ဘိုးရင်း ၇၈၇-၈ လေယာဉ်သည် ဒေသစံတော်ချိန် ၁၃ နာရီ ၃၈ မိနစ်က အမီဒါဘတ်မြို့မှ ထွက်ခွာခြင်းဖြစ်ပြီး လေယာဉ်အမှုထမ်းများနှင့် ခရီးသည် ၂၄၂ ဦး တင်ဆောင်လာကြောင်း အဲအိန္ဒိယလေကြောင်းလိုင်းက ထုတ်ပြန်ထားသည်။ လေယာဉ်ပေါ်လိုက်ပါသူများအနက် အိန္ဒိယနိုင်ငံသား ၁၆၉ ဦး၊ ဗြိတိန်နိုင်ငံသား ၅၃ ဦး၊ ကနေဒါနိုင်ငံသားတစ်ဦးနှင့် ပေါ်တူဂီနိုင်ငံသား ခုနစ်ဦးတို့ဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်းက ပြောကြားသည်။

အဲအိန္ဒိယလေကြောင်းလိုင်းက ယခုလိုဆိုးရွားသည့် ဖြစ်ရပ်များကြောင့် ထိခိုက်နစ်နာသူအားလုံး၏ မိသားစုများအတွက် ဝမ်းနည်းကြောင်း ဖော်ပြခဲ့သည်။

အဆိုပါလေယာဉ်သည် ဆရာဝန်များ၏ တည်းခိုဆောင်ပေါ်သို့ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ လေယာဉ်ပျက်ကျပြီးနောက် ချက်ချင်း အာဏာပိုင်များက ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ဆောင်ရန် အခင်းဖြစ်ပွားရာနေရာသို့ လူနာတင်ယာဉ် နှစ်ဒါဇင်ကျော် စေလွှတ်ခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။ လေယာဉ်ပျက်ကျမှုကြောင့် အသက်ရှင်ကျန်ရစ်သူမရှိကြောင်း ဒေသဆိုင်ရာမီဒီယာများက ပြောကြားသည်။

ဆင်ဟွာ



ဂူဂျာရတ်ပြည်နယ် အမီဒါဘတ်မြို့အနီး၌ လေယာဉ်ပျက်ကျပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

## အမေရိကန်ပြည်ထောင်စု၏ ယခင်လက လျှို့ဝှက်ငွေကြေးဖောင်းပွမှုနှုန်း မျှော်လင့်ထားသည်ထက် မြင့်တက်လာခဲ့သည်ဟု ဆို

**ဝါရှင်တန် ဇွန် ၁၂**



ကမ္ဘာ့စီးပွားရေးအင်အားအကြီးဆုံးနိုင်ငံဖြစ်သည့် အမေရိကန်ပြည်ထောင်စု၏ ယခင်လက လျှို့ဝှက်ငွေကြေးဖောင်းပွမှုနှုန်း မျှော်လင့်ထားသည်ထက် မြင့်တက်လာခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

သက်ဆိုင်ရာအချက်အလက်များအရ အမေရိကန်ဗဟိုဘဏ်အနေဖြင့် အတိုးနှုန်းကို မကြာမီအချိန်အတွင်း လျှော့ချနိုင်ကြောင်း ညွှန်ပြနေသည့်အတွက် အမေရိကန်ဒေါ်လာသည် ဂျပန်ယန်း၊ ယူရိုငွေစသည်တို့နှင့် နှိုင်းယှဉ်လျှင် ကျဆင်းသွားခဲ့သည်။

လျှို့ဝှက်ငွေကြေးဖောင်းပွမှုနှုန်းကို တိုင်းတာသည့် အခြေခံသုံးစွဲသူ ဈေးနှုန်းအညွှန်းကိန်းသည် ဧပြီလတွင် ၀ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ပြီးနောက် မေလတွင် ၀ ဒသမ ၁ ရာခိုင်နှုန်းသာ မြင့်တက်ခဲ့သည်။

ဒေါ်လာသည် ယန်းနှင့်နှိုင်းယှဉ်လျှင် ၀ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းကာ တစ်ဒေါ်လာလျှင် ၁၄၄ ဒသမ ၄၄ ယန်းအထိ ရှိခဲ့ပြီး ယူရိုသည် ၀ ဒသမ ၄ ရာခိုင်နှုန်းတက်ကာ တစ်ယူရိုလျှင် ၁ ဒသမ ၁၄၇၀ ဒေါ်လာအထိ ရောက်ရှိခဲ့ကြောင်း သိရသည်။

**Mon**

## လူအရွယ်အစားရှိ လာဘူဘူ အရုပ်တစ်ရုပ်ကို ပေကျင်းမြို့တော်၌ ယွမ် ၁ ဒသမ ၀၈ သန်းဖြင့် ရောင်းချ

**ပေကျင်း ဇွန် ၁၂**

တရုတ်နိုင်ငံ၊ ပေကျင်းမြို့တော်ရှိ လေလံအိမ်တစ်ခုတွင် လူတစ်ယောက်အရွယ်အစားရှိ လာဘူဘူ အရုပ်တစ်ရုပ်ကို ယွမ် ၁ ဒသမ ၀၈ သန်းဖြင့် ဇွန် ၁၀ ရက်တွင် ရောင်းချခဲ့ရာ ထိုအရုပ်ကို အရူးအမူးလိုက်စားမှုမှ စုဆောင်းရန် အရာတစ်ခုအဖြစ် ပြောင်းလဲလာသော စံချိန်တစ်ခုဖြစ်ခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ယခင်က ခေတ်ပေါ်ပန်းချီအနုပညာနှင့် လက်ဝတ်ရတနာများသာ အဓိကထား လေလံတင်လေ့ရှိသော ယုန်းလီအပြည်ပြည်ဆိုင်ရာ လေလံအဖွဲ့က စီစဉ်ကျင်းပခဲ့သည့် ထိုအခမ်းအနားသည် လာဘူဘူအရုပ်များအတွက် ပထမဆုံးလေလံပွဲဖြစ်ခဲ့သည်။

လာဘူဘူဆိုသည်မှာ သွားအစွယ်ထိုးထွက်နေသော မကောင်းဆိုးဝါးရုပ်များဖြစ်ပြီး ပေါ့မတ်ဟုအမည်ရသော တရုတ်အရုပ်ကုမ္ပဏီက ထုတ်လုပ်ရောင်းချကာ လွန်ခဲ့သည့် တစ်နှစ်အတွင်း ကမ္ဘာတစ်ဝှမ်း အရူးအမူးလိုက်စားမှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါလေလံပွဲတွင် အရုပ် ၄၈ ရုပ် ရောင်းချခဲ့ရာ လူ ၂၀၀ ခန့် တက်ရောက်ခဲ့ပြီး ယုန်းလီ၏ မိုဘိုင်းအက်ပ်မှတစ်ဆင့် လေလံတင်သူ ၁၀၀၀ ကျော် ပါဝင်ခဲ့သည်။

အမြင့်ဆုံးရရှိခဲ့သည့် အရုပ်မှာ ပျော့ပျောင်းပြီး ၁၃၁ စင်တီမီတာ အမြင့်ရှိသော အစိမ်းရောင် လာဘူဘူအရုပ်ဖြစ်သည်။

ထိုအရုပ်ကို လွန်ခဲ့သော ၁၀ နှစ်က ဟောင်ကောင်အနုပညာရှင်နှင့် သရုပ်ဖော်ပန်းချီဆရာ ကာဆင်းလန်း ဖန်တီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

0-0-0

## တောင်အာဖရိကမှ တောင်ပိုင်းကြံ့ဖြူအကောင်ရေ ၇၀ ကို ရဝမ်ဒါသို့ ကုန်းကြောင်း၊ လေကြောင်းတို့ဖြင့် ပို့ဆောင်

**ကီဂါလီ ဇွန် ၁၂**

ကုန်းလမ်းဖြင့်သာမက ဘိုးရင်း ၇၄၇ လေယာဉ်ဖြင့်လည်း ကီလိုမီတာ ၃၄၀၀ (မိုင် ၂၁၁၂ ခန့်) ကျော်ခရီးအထိ ဖြတ်သန်းကာ တောင်ပိုင်းကြံ့ဖြူအကောင်ရေ ၇၀ ကို တောင်အာဖရိကမှ ရဝမ်ဒါသို့ မကြာသေးမီက ပို့ဆောင်ပေးခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ရဝမ်ဒါဖွံ့ဖြိုးရေးအဖွဲ့က ဇွန် ၁၀ ရက်တွင် ယင်းကြံ့ဖြူများကို တောင်အာဖရိကရှိ မူနီဝါနာ ဘေးမဲ့တောမှ အာဖရိကအလယ်ပိုင်းတွင် အကြီးဆုံးကာကွယ်ထားသော စိုစွတ်မြေဖြစ်သည့် ရဝမ်ဒါနိုင်ငံရှိ အကာဂေရာအမျိုးသားဥယျာဉ်သို့ ၃၅ ကောင် နှစ်အုပ်စုခွဲ၍ လေယာဉ်ဖြင့်ပထမ သယ်ဆောင်ခဲ့ပြီး နောက်ပိုင်းတွင် ကုန်းလမ်းဖြင့် သယ်ဆောင်ခဲ့သည်ဟု ဆိုသည်။

ကီလိုမီတာ ၃၄၀၀ ခရီး၏ နောက်ဆုံးအဆင့်တွင် ယင်းကြံ့ဖြူများကို မူနီဝါနာမှ ဒါဘန်မြို့ရှိ ရှာကာဘုရင့်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လှောင်အိမ်များဖြင့် ကုန်းလမ်းမှ သယ်ဆောင်ခဲ့သည်။

ထို့နောက် ကြံ့များကို ကရိန်းဖြင့် ဘိုးရင်း ၇၄၇ လေယာဉ်ပေါ်သို့တင်ကာ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပျံသန်းပြီး နောက်ဆုံးတွင် ၎င်းတို့ကို အကာဂေရာအမျိုးသားဥယျာဉ်သို့ ကုန်းလမ်းဖြင့် သယ်ဆောင်ခဲ့ကြောင်း သိရသည်။

**Mon**

0-0-0-0-0

# INTERNATIONAL NEWS

# နိုင်ငံတကာသတင်းများ

## နေ၏တောင်ဝင်ရိုးစွန်း ဗီဒီယိုနှင့်ဓာတ်ပုံများ နေပတ်အာကာသယာဉ်မှ ကမ္ဘာသို့ ပထမဆုံးပြန်လည်ပေးပို့

**ဝါရှင်တန် ဇွန် ၁၂**

နေ၏ တောင်ဝင်ရိုးစွန်းကို ရိုက်ကူးထားသော ပထမဆုံး ဗီဒီယိုနှင့်ဓာတ်ပုံများကို ဥရောပအာကာသအေဂျင်စီက လွှတ်တင်ထားသော နေပတ်အာကာသယာဉ်မှ ကမ္ဘာသို့ ပြန်လည်ပေးပို့ခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။


ယင်းဓာတ်ပုံအသစ်များသည် နေမျက်နှာပြင်ပေါ်တွင် မုန်တိုင်းများ အပြင်းအထန် တိုက်ခတ်ခြင်းနှင့် အေးဆေးတည်ငြိမ်နေခြင်းကြား ပြောင်းလဲပုံကို သိပ္ပံပညာရှင်များအား လေ့လာနိုင်စေမည်ဖြစ်သည်။

နေရောင်ခြည်၏ အပြင်းထန်ဆုံးလှိုင်းများသည် ဂြိုဟ်တုဆက်သွယ်ရေးစနစ်များကို အနှောင့်အယှက်ဖြစ်စေပြီး ကမ္ဘာပေါ်ရှိ ဓာတ်အားလိုင်းများကို ပျက်စီးစေနိုင်သောကြောင့် ဤအချက်သည် အလွန်အရေးကြီးသည်။

အဆိုပါ ဓာတ်ပုံများတွင် တောက်ပသောနေဝန်း၏ လှုပ်ရှားမှုများကို တွေ့မြင်နိုင်ပြီး အချို့နေရာများတွင် အပူချိန် ဒီဂရီစင်တီဂရိတ် တစ်သန်းအထိ ရောက်ရှိနေသည်။ ထို့ပြင် အေးမြသော်လည်း အပူချိန် ဒီဂရီစင်တီဂရိတ် တစ်သိန်းခန့်ရှိသည့် မည်းနက်သော ဓာတ်ငွေ့များလည်း ရှိနေကြောင်း တွေ့ရသည်။

အဆိုပါဓာတ်ပုံများသည် နေကို ယခုအချိန်အထိ ရိုက်ကူးထားသည့် အနီးဆုံးနှင့် အသေးစိတ်ပုံရိပ်များဖြစ်ကြောင်း သိရသည်။

**Mon**



STOP AIDS

## တောင်တွင်းကြီးမြို့နယ်၌ ရေဘေးပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

**တောင်တွင်းကြီး ဇွန် ၁၂**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်တွင် ရေဘေးပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက တောင်တွင်းကြီးမြို့ အမှတ် (၂)အခြေခံပညာအထက်ကျောင်းနှင့် ရွှေအိုး(၁)ရပ်ကွက်တို့၌ ပြုလုပ်ခဲ့ရာ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနဦးစီးအရာရှိ ဒေါ်ခိုင်မိုမိုဇင်နှင့် ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ လက်ဝယ် အရောက်ဖြန့်ဝေခဲ့သည်။



အဆိုပါ အသိပညာပေးလက်ကမ်းစာစောင်တွင် ရေဘေးအတွက် ကြိုတင်ပြင်ဆင်ရန်အချက်များ၊ ရေကြီးပြီးနောက် ပြုလုပ်ရန်အချက်များ၊ ရေကြီးပြီးနောက်ရှောင်ရှားသင့်သည့်အချက်များ၊ ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင် ရှောင်ရှားသင့်သည့်အချက်များ၊ ရေကြီးပြီးနောက်ပြုလုပ်ရန်အချက်များ၊ ရေကြီးပြီးနောက်ရှောင်ရှားသင့်သည့်အချက်များ၊ ရေကြီးခြင်း သတိပေးချက်ရလျှင် ဆောင်ရွက်ရန်များ စသည့်အချက်များ ပါရှိကြောင်း သိရသည်။

(ဓာတ်ပုံ)

နောင်နောင် (မိသားနိုးမြေ)



## လိုင်စင်မဲ့မော်တော်ယာဉ်နှင့် လိုင်စင်မဲ့ဆိုင်ကယ်များ စစ်ဆေး

**တာချီလိတ် ဇွန် ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၌ တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးအတွက် လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များအား စစ်ဆေးခြင်းကို တာချီလိတ်မြို့ဝင် (ကြို့ဆိုပါ၏ဆိုင်းဘုတ်)အနီးတွင် ယမန်နေ့ နံနက် ၉ နာရီက ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာတွင် အမှတ်(၁၉)ယာဉ်ထိန်း ရဲဒုတိယတပ်ဖွဲ့ခွဲ(ရှမ်း-အရှေ့) ကွပ်ကဲမှုအောက်ရှိ အမှတ်(၁၂၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(တာချီလိတ်)မှ တာဝန်ရှိသူများနှင့်အတူ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ဟောင်လိတ်နယ်မြေရဲစခန်းမှ တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ဝင်အနီး မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များအား ယာဉ်လိုင်စင်အတု၊ နံပါတ်ပြားအတုများ တပ်ဆင်မောင်းနှင်ခြင်း ရှိ၊မရှိ၊ လိုင်စင်မဲ့ယာဉ်များ ပါရှိခြင်း ရှိ၊မရှိတို့ကို စစ်ဆေးခဲ့ကြပြီး လိုင်စင်မဲ့ယာဉ်များ အသုံးပြုမောင်းနှင်သူများ တွေ့ရှိပါက ဖမ်းဆီးအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့သည်။

တာချီလိတ်မြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များအား စီမံချက်ချမှတ်၍ ဖော်ထုတ်ဖမ်းဆီးဆောင်ရွက်ခြင်းနှင့် မော်တော်ယာဉ်၊ ဆိုင်ကယ်အရောင်းဆိုင်များတွင် လိုင်စင်မဲ့နှင့် သက်တမ်းလွန်ယာဉ်များရောင်းချမှု ရှိ၊ မရှိတို့ကို ဆက်လက်စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁၂**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ်၊ ဇာသပြင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဘားအံမြို့မှ မော်လမြိုင်မြို့သို့ သွားရောက်မည့်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုးနှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Isuzu Como Truck တစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့၊ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း ၁၆ မျိုးကိုလည်းကောင်း၊ မိုင်းပွန်တံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လားရှိုးမြို့မှ လွိုင်လင်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း ၁၀ မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Super Custom တစ်စီးကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၁၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ၇၅ ပီပါကို သိမ်းဆည်းရမိခဲ့ပြီးရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၁၀ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သိမ်းဆည်းရမိမှုစာရင်းအရ လိုင်စင်မဲ့ယာဉ် ၂၂ စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ၇၈ စီး သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၉ ရက်၊ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်း အမှုတွဲ ၄၈ မှုကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများ ဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင်ကုန်သွယ်မှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။



(ဓာတ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀-၀-၀



## မန္တလေး-ပြင်ဦးလွင်လမ်း၊ မိုင်တိုင်(၁၉)အနီးတွင် အရှိန်မထိန်းနိုင်၍ လမ်း၏ညာဘက်ခြမ်းသို့ တိမ်းမှောက်မှုဖြစ်ပွား

**ပြင်ဦးလွင် ဇွန် ၁၂**

မန္တလေး-ပြင်ဦးလွင်လမ်း၊ (၁၉)မိုင်အနီးတွင် ဝက်များတင်ဆောင်မောင်းနှင်လာသော Canda အမျိုးအစား ခြောက်ဘီးကုန်တင်ယာဉ်သည် ဇွန် ၁၁ ရက် မွန်းလွဲ ၁၂ နာရီ ၄၆ မိနစ်ခန့်က အရှိန်မထိန်းနိုင်ဘဲ လမ်း၏ညာဘက်ခြမ်းသို့ တိမ်းမှောက်မှုဖြစ်ပွားပြီး ယာဉ်ရှေ့ခန်းတွင် လူပိတ်မိနေကြောင်း သတင်းရရှိသဖြင့် ပြင်ဦးလွင်မြို့နယ်မီးသတ်စခန်းနှင့် ရတနာပုံမြို့သစ်နယ်မြေမီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့(မန္တလေးတိုင်းရုံး)နှင့် စေတနာမွန်လူမှုကယ်ဆယ်ရေးအသင်း(အုန်းချော)မှ အဖွဲ့ဝင်များထွက်ခွာကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါဖြစ်စဉ်ကြောင့် ယာဉ်ခေါင်းခန်းတွင် ပိတ်မိနေသူ ယာဉ်မောင်းအပါအဝင် အမျိုးသားသုံးဦးအား Battery Unit Rescue Tool များ အသုံးပြု၍ အသက်ရှင်လျက် မွန်းလွဲ ၂ နာရီတွင် ကယ်ထုတ်နိုင်ခဲ့ပြီး ထာဝရလူမှုကူညီရေးအသင်းနှင့် သန္တိသုခလူမှုကူညီရေးအသင်း လူနာတင်ယာဉ်များဖြင့် ပြင်ဦးလွင်ဆေးရုံကြီးသို့ ပို့ဆောင်ကူညီပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၀၄၅)

မြို့တွင်း တစ်နာရီ မိုင်(၃၀) (၄၈)ကီလိုမီတာထက် ပိုမမောင်းရ။

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းမိသားစုများ၏ (၂၀၂၅)ခုနှစ်အတွင်း ဒုတိယအကြိမ် တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ဆွမ်းပဒေသာပင်အလှူငွေ စိုက်ထူလှူဒါန်းပွဲ ကျင်းပ






**မန္တလေး ဇွန် ၁၂**

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ရှိ ပါမောက္ခချုပ်ဆရာတော်ကြီး အမှူးပြုသော သင်ကြား၊ စီမံ ဆရာတော်ကြီးများ၊ စာချဆရာတော်များနှင့် စာသင်သား ရဟန်းသံဃာတော်အရှင်မြတ်များအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းမိသားစုများက (၂၀၂၅) ခုနှစ်အတွင်း ဒုတိယအကြိမ် တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ဆွမ်းပဒေသာပင်အလှူငွေစိုက်ထူလှူဒါန်းခြင်း အလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ် ၆၂ လမ်း၊ ၁၂လမ်းနှင့် ၁၄လမ်းကြားရှိ အဆိုပါတက္ကသိုလ် ဆွမ်းစားကျောင်းဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတဒေါက်တာဘဒ္ဒန္တကေသရ အမှူးပြုသော သံဃာတော်များအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းနှင့် ဌာနမှူးများက နံနက် ၅ နာရီခွဲတွင် အရုဏ်ဆွမ်းကိုလည်းကောင်း၊ အတွင်းရေးမှူး ဦးဝင်းမောင်၊ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်း၊ ကော်မတီဝင်(၁) ဦးမြင့်ဦး၊ ကော်မတီဝင်(၂) ဦးနေလင်းထွန်းနှင့် ဌာနမှူးများ၊ ဒုတိယဌာနမှူးများ၊ အရာထမ်း၊ အမှုထမ်းဝန်ထမ်းများက နံနက် ၁၀ နာရီခွဲတွင် နေ့ဆွမ်းကိုလည်းကောင်း အသီးသီး ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအခမ်းအနားဆက်လက်ကျင်းပရာ ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တကေသရ(အဂ္ဂမဟာပဏ္ဍိတ) အမှူးပြုသော သံဃာတော်အရှင်မြတ်ငါးပါး ကြွရောက်ချီးမြှင့်တော်မူပြီး အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကာ တက်ရောက်လာကြသည့် ပရိသတ်အပေါင်းတို့က ပါမောက္ခချုပ်ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ဆက်လက်၍ ဆရာတော်သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကိုရိုသေစွာ နာယူကြည်ညိုကြပြီးနောက် အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်(၁)၊ ကော်မတီဝင်(၂)၊ ဌာနမှူးများက ဆရာတော်ကြီးများထံ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းမိသားစုများ၏ (၂၀၂၅)ခုနှစ်အတွင်း ဒုတိယအကြိမ် ဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်း ငွေကျပ် သိန်း ၅၀ ကို ဝန်ထမ်း မိသားစုများကိုယ်စား အတွင်းရေးမှူး ဦးဝင်းမောင်က ပေးအပ်လှူဒါန်းရာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် မန္တလေးဌာနခွဲ ဒုတိယ ညွှန်ကြားရေးမှူး ဦးကျော်ဆွေက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ဆက်လက်၍ လှူဒါန်းမှုအစုစုတို့အတွက် ပါမောက္ခချုပ်ဆရာတော်ကြီးက အနုမောဒနာတရားဟောကြားချီးမြှင့်ပြီး ရေစက်ချအမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းခဲ့သည်။



အခမ်းအနားတွင် တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ဒုတိယအကြိမ် ဆွမ်းပဒေသာပင် အလှူငွေစိုက်ထူလှူဒါန်းခြင်း၊ ရေစက်ချဆရာတော်ငါးပါးတို့အား နဝကမ္မအလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းတို့အတွက် ယနေ့လှူဒါန်းမှုစုစုပေါင်းမှာ ငွေကျပ် ၁၁၂၄၄၀၀၀ ဖြစ်ပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)သို့ ဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်းခြင်းမှာ ယခင်ငွေကျပ် သိန်း ၅၀၀ လှူဒါန်းခဲ့ပြီးဖြစ်၍ ယနေ့ထပ်မံစိုက်ထူ လှူဒါန်းငွေကျပ် သိန်း ၅၀ အပါအဝင် စုစုပေါင်း ဆွမ်းပဒေသာပင်အလှူငွေကျပ် သိန်း ငါးရာ့ ငါးဆယ်တိတိကို မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ ဝန်ထမ်းမိသားစုများအနေဖြင့် လှူဒါန်းနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

ဝ-ဝ-ဝ-ဝ-ဝ

## တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲ ပြုလုပ်



**မြင်းခြံ ဇွန် ၁၂**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၌ ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဖွင့်လှစ်သင်ကြားခဲ့သော တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre တွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းမင်းထွန်းက သင်တန်းဆင်းအဖွင့်အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းမှ ထွက်ရှိသည့် စားသောက်ကုန်များကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းမင်းထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးထွဋ်နှင့် ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းမြင့်ထွန်းတို့က ပေးအပ်ခဲ့ရာ သင်တန်းသား၊ သင်တန်းသူ အသီးသီးက လက်ခံရယူခဲ့သည်။ ဆက်လက်၍ သင်တန်းဖွင့်လှစ်သင်ကြားပေးခြင်းအတွက် သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသူ ဒေါ်ဝါဝါမိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ (ဝဲပုံ)

အဆိုပါ တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းတွင် စားသောက်ကုန်ထုတ်လုပ်နည်း ၁၂ မျိုး သင်ကြားပေးခဲ့ပြီး သင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၂၀ ဦး တက်ရောက်သင်ကြားခဲ့ကြကြောင်း သိရသည်။ (၃၆၆)



**မန္တလေးမြို့ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားတွင် ဇွန် ၁၂ ရက်က The Unified Vietnamese Buddhist Congregation of Australia and New Zealand မှ ဖျက်စီးသွားသော ဓမ္မစေတီများကြည့်ရှုလေ့လာပြီး ဓမ္မစေတီ ပြုပြင်ရန် ငွေကျပ် သိန်း ၂၃၀ တိတိ လှူဒါန်းခဲ့ရာ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမျိုးဝင်းနိုင်က လက်ခံပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ ZLH**

# နိုင်ငံတကာ အားကစား သတင်းများ

## ရာဖေးလီယာအို၏ ပြောင်းရွှေ့ကြေးအား ယူရို သန်း ၁၀၀ အဖြစ် အေစီမီလန်အသင်း သတ်မှတ်

**မီလန် ဇွန် ၁၂**

အေစီမီလန်အသင်းသည် အသင်း တောင်ပံကစားသမား ရာဖေးလီယာအို၏ ပြောင်းရွှေ့ကြေးအား ယူရို သန်း ၁၀၀ အဖြစ် သတ်မှတ်လိုက်ပြီဖြစ်သည်။

အသက်(၂၆)နှစ်အရွယ်ရှိ တောင်ပံကစားသမားကို လက်ရှိအချိန်တွင် ဘိုင်ယန်မြူးနစ်အသင်း အပါအဝင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။



တောင်ပံကစားသမား ရာဖေးလီယာအိုသည် အေစီမီလန်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၂၆၀ ကစားပြီး ဂိုး ၇၀ အထိ သွင်းယူကာ ခြေစွမ်းပြထားသည်။

အေစီမီလန်အသင်းကလည်း ရာဖေးလီယာအိုအတွက် ၎င်းတို့သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း ပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။ (ဓဝံ)

ထို့ကြောင့် အေစီမီလန်အသင်းသတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်းရာဖေးလီယာအိုအား မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လည်းဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)



## ရိုင်ဒါစ်နှင့် ချာကီတို့ကို မန်ချက်စတာစီးတီးအသင်း ခေါ်ယူ

**မန်ချက်စတာ ဇွန် ၁၂**

မန်ချက်စတာစီးတီးအသင်းသည် လက်ရှိဈေးကွက်အတွင်း တွင် အေစီမီလန်အသင်း ကွင်းလယ်ကစားသမား ရိုင်ဒါစ်နှင့် လိုင်ယွန်အသင်း ကွင်းလယ်တိုက်စစ်ကစားသမား ချာကီတို့ကို ၂၀၃၀ပြည့်နှစ်အထိ စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ ရိုင်ဒါစ်သည် အေစီမီလန်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၄ပွဲ ကစားပြီး ၁၉ဂိုးထိ သွင်းယူကာ ခြေစွမ်းပြထားကာ အသက်(၂၁)နှစ်အရွယ်ရှိ ချာကီသည်လည်း လိုင်ယွန်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၈၅ပွဲကစားပြီး ၂၉ ဂိုး သွင်းယူ၍ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ချက်စတာစီးတီးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

မန်ချက်စတာစီးတီးအသင်း ထုတ်ပြန်ချက်တွင် "ရိုင်ဒါစ်နှင့် ချာကီတို့အား ခေါ်ယူခဲ့ပါပြီ။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်တွေ ထပ်မံခေါ်ယူအားဖြည့်သွားဦးမှာပါ"ဟု ထုတ်ပြန်သည်။ (အပေါ်ပုံ)(NGB)

## ဒွန်နာရမ်မာ ပီအက်စ်ဂျီအသင်းတွင် ဆက်ရှိသွားမည်

**ပါရီ ဇွန် ၁၂**

ပီအက်စ်ဂျီအသင်းဂိုးသမား ဒွန်နာရမ်မာက မိမိအနေဖြင့် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ ဂိုးသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများအပြင် ဆော်ဒီပရိုလိဂ်ကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။ (ယာပုံ)

ဂိုးသမား ဒွန်နာရမ်မာသည် ပီအက်စ်ဂျီအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၅၄ ပွဲကစားပြီး အကောင်းဆုံးလက်စွမ်းပြထားသည်။

အသက်(၂၆)နှစ်အရွယ်ရှိ ဒွန်နာရမ်မာက "ကျွန်တော် ပီအက်စ်ဂျီအသင်းမှာပဲ ဆက်ရှိသွားမှာပါ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာကိုလည်း ရယူသွားဦးမှာပါ"ဟု ပြောသည်။ (NGB)



## 2025 Boss Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Taylor Fritz တက်ရောက်

**စတုဂတ် ဇွန် ၁၂**

ဂျာမနီနိုင်ငံ၊ စတုဂတ်မြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Boss Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ အမေရိကန်တင်းနစ်ကစားသမား Taylor Fritz တက်ရောက်ခဲ့သည်။ (ယာပုံ)

အဆိုပါ အမေရိကန်တင်းနစ်ကစားသမား Taylor Fritz သည် 2025 Boss Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ပြင်သစ်တင်းနစ်ကစားသမား Quentin Halys အား ၆-၃၊ ၇-၆ ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 Boss Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် အမေရိကန်တင်းနစ်ကစားသမား Taylor Fritz နှင့် ဟန်ဂေရီတင်းနစ်ကစားသမား Marton Fucsovics တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (NGB)



## အိုင်ဗန်ပါရီဆစ်ကို ခေါ်ယူရန် ဘာစီလိုနာအသင်း ဆွေးနွေး

**ဘာစီလိုနာ ဇွန် ၁၂**

စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းသည် ပီအက်စ်ဗွီအသင်းမှ ထွက်ခွာလာသည့် တောင်ပံကစားသမား အိုင်ဗန်ပါရီဆစ်ကို ခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။

အသက်(၃၆)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ပြီးခဲ့သည့် ဘောလုံးရာသီက ပီအက်စ်ဗွီအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၅ပွဲ ကစားပြီး ၁၆ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘာစီလိုနာအသင်းက ခေါ်ယူရန် ဆွေးနွေးလာခြင်းဖြစ်သည်။

အိုင်ဗန်ပါရီဆစ်ကိုယ်တိုင်ကလည်း ဘာစီလိုနာအသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိသည်။

ထို့ကြောင့် ဘာစီလိုနာအသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် အိုင်ဗန်ပါရီဆစ်ကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ (အောက်ပုံ)(NGB)



## ဖလော်ရီယန်ဗက်ဇ်အား ယူရိုသန်း ၁၅၀ ဖြင့် လီဗာပူးအသင်းခေါ်ယူ

**လန်ဒန် ဇွန် ၁၂**

ပရီးမီးယားလိဂ်ကလပ် လီဗာပူးအသင်းသည် လေဗာကူဆင်အသင်း ကွင်းလယ်ကစားသမား ဖလော်ရီယန်ဗက်ဇ်အား ပြောင်းရွှေ့ကြေး ယူရို သန်း ၁၅၀ ဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်သည်။

ကွင်းလယ်ကစားသမား ဖလော်ရီယန်ဗက်ဇ်သည် လီဗာပူးအသင်းနှင့်အတူ မကြာမီဆေးစစ်မှုခံယူပြီး စာချုပ်လည်း ချုပ်ဆိုသွားမည်ဖြစ်သည်။



အဆိုပါ ကွင်းလယ်ကစားသမားသည် ယခုပြောင်းရွှေ့ကြေးကြောင့် ပရီးမီးယားလိဂ်၏ တန်ဖိုးအမြင့်ဆုံး ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်မည်ဖြစ်သည်။ (အပေါ်ပုံ)

ကွင်းလယ်ကစားသမား ဖလော်ရီယန်ဗက်ဇ်သည် လေဗာကူဆင်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၉၇ပွဲ ကစားပြီး ၅၇ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လီဗာပူးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။ (NGB)

## ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ပရီးမီးယားလိဂ် ပွဲစဉ်ဇယားကို ဇွန် ၁၈ ရက်တွင် ထုတ်ပြန်သွားမည်

**လန်ဒန် ဇွန် ၁၂**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ပရီးမီးယားလိဂ် ပွဲစဉ်ဇယားကို လာမည့် ဇွန် ၁၈ရက်တွင် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း ပရီးမီးယားလိဂ်ဘောလုံးအဖွဲ့ချုပ်က အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

ပြိုင်ပွဲဝင် အသင်း ၂၀ ပါဝင်သည့် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲကို လာမည့် ဩဂုတ် ၁၆ရက်တွင် စတင်သွားမည် ဖြစ်ပြီး ၂၀၂၆ မေ ၂၄ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။

ပရီးမီးယားလိဂ်ဘောလုံးအဖွဲ့ချုပ်ထုတ်ပြန်ချက်တွင် "ပရီးမီးယားလိဂ် ပွဲစဉ်ဇယားကို လာမည့် ဇွန် ၁၈ရက်မှာ ထုတ်ပြန်သွားမှာပါ။ ကလပ်အသင်းတွေအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း ကစားသမားတွေ အပြိုင်အဆိုင်ခေါ်ယူထားမှုကြောင့် လာမည့်ပြိုင်ပွဲက ပြိုင်ဆိုင်မှုပိုမိုပြင်းထန်မှာပါ"ဟု ထုတ်ပြန်သည်။

ပြီးခဲ့သည့် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီက ပရီးမီးယားလိဂ်ချန်ပီယံဆုကို လီဗာပူးအသင်းက ဆွတ်ခူးထားနိုင်ခဲ့သည်။ (ဓဝံ)(NGB)



## ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ချဲလ်ဆီးအသင်းဗိုလ်စွဲမည်ဟု ဂျရိမီ ခန့်မှန်း

**လန်ဒန် ဇွန် ၁၂**

ဖီဖာကလပ်ကမ္ဘာ့ဖလား ပြိုင်ပွဲတွင် ချဲလ်ဆီးအသင်းက ဗိုလ်စွဲနိုင်မည်ဖြစ်ကြောင်း အသင်းကစားသမားဟောင်းဖြစ်သူ ဂျရီမီက ခန့်မှန်းပြောကြားခဲ့သည်။



ချဲလ်ဆီးအသင်းသည် ယခုနှစ်ဘောလုံးရာသီ ကွန်ဖရန့်လိဂ်ပြိုင်ပွဲတွင် ဗိုလ်စွဲထားနိုင်မှုကြောင့် ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ဗိုလ်စွဲလိမ့်မည်ဟု ဂျရီမီက ခန့်မှန်းပြောဆိုခဲ့ခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းသည် ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဖလာမင်ဂို၊ တူနစ်၊ လော့စ်အိန်ဂျယ်လိစ်အသင်းတို့နှင့် အုပ်စု(ဃ)တွင် တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။

အသက်(၄၆)နှစ်အရွယ်ရှိ ဂျရီမီက "ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ချဲလ်ဆီးအသင်း ဗိုလ်စွဲမှာပါ။ ချဲလ်ဆီးအသင်းက ကမ္ဘာ့တစ်ဝန်းအကောင်းဆုံးကစားသမားတွေပိုင်ဆိုင်ထားပါတယ်"ဟု ပြောသည်။ (ဓဝံ)(NGB)



# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပညာပေးဟောပြောပွဲ ကျင်းပ

**ဟိုပုံး ဇွန် ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၌ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေပညာပေးဟောပြောပွဲကို ဇွန် ၁၁ရက်၊ နံနက် ၁၀နာရီက မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သိဂီအောင်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်ရုံးမှ ဦးစီးအရာရှိ ဒေါ်နန်းခမ်းခြူးနှင့် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ လူမှုဝန်ထမ်း(၃) ဒေါ်နန်းဆွိတို့က ကလေးအလုပ်သမားဆိုသည်မှာ ဥပဒေကခွင့်ပြုထားသော အသက်အရွယ်ထက်ငယ်ရွယ်ခြင်း၊ ဥပဒေပါ ကလေးအလုပ်သမားဆိုင်ရာ အသက်အရွယ် ကန့်သတ်ချက်များ၊ အဆိုးရွားဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်း၊ အဓမ္မအလုပ်ခိုင်းစေမှုဆိုင်ရာ အဓိပ္ပာယ်ဖော်ပြချက်များ၊ ကလေးအလုပ်သမားဖြစ်ပေါ်စေသည့် အကြောင်းအရာများ၊ ကလေးအလုပ်သမားအဖြစ် ခိုင်းစေမှုများ လျော့နည်းပပျောက်စေရန် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ဥပဒေအရ တရားဝင် အလုပ် လုပ်ကိုင်ခွင့်ရှိသည့် ကလေးအလုပ်သမားများအား ဥပဒေနှင့်အညီ ထိရောက်စွာ အကာအကွယ်ပေးရန် အချက်များ စသည်တို့ကို အသိပညာပေးဟောပြောကြသည်။

ထို့နောက် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှကလေးအလုပ်သမား၏အဓိပ္ပာယ်၊ ကလေးသူငယ်များ၏ရပိုင်ခွင့်၊ ကလေးသူငယ်များကို အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေပါက ချမှတ်နိုင်သည့် ပြစ်မှု၊ ပြစ်ဒဏ်များကို အကျယ်တဝင့် ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(၃၆၈)

# ၂၀၂၄ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲ စာအောင်ဆုနှင့် အောင်လက်မှတ်ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

**အောင်လံ ဇွန် ၁၂**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ ၂၀၂၄ ခုနှစ်၊ အစိုးရပါဠိပထမပြန်စာမေးပွဲ စာအောင်ရဟန်း၊ သာမဏေနှင့် သီလရှင်များအား စာအောင်ဆုနှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းပွဲကို ယမန်နေ့ နံနက် ၉ နာရီက အောင်လံမြို့၊ ဆုတောင်းပြည့်ရွှေပြောင်ပြောင် ဘုရားကြီး တန်ဆောင်းအတွင်း၌ ကျင်းပခဲ့သည်။



ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ခဲ့ပြီး အောင်လံမြို့ မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော် ဦးဇောတိက ထံမှ တက်ရောက်လာသူများက ငါးပါးသီလခံယူဆောက်တည်ကာ ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး အောင်လံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်လွင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဆက်လက်၍ အောင်လံမြို့နယ်၌ ၂၀၂၄ ခုနှစ်၊ အစိုးရပါဠိပထမပြန်စာမေးပွဲတွင် ဖြေဆိုအောင်မြင်တော်မူကြသော ပထမလတ်တန်း တစ်ပါး၊ ပထမငယ်လေးပါး၊ အခြေပြုမူလတန်း ၁၃ ပါးနှင့် သီလရှင် ဆရာလေး သုံးပါး၊ စုစုပေါင်း ၂၁ပါးတို့အား အောင်လံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စေတနာရှင် အလှူရှင်များက စာအောင်လက်မှတ်နှင့် ဂုဏ်ပြုဆုများ ဆက်ကပ်လှူဒါန်းခဲ့ပြီးနောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

အာကာ(ပြန်/ဆက်)

*-*-*-*-*-*

# ကိုရီးယားသမ္မတနိုင်ငံကြက်ခြေနီအသင်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တာဝန်ရှိသူများ တွေ့ဆုံ



**မန္တလေး ဇွန် ၁၂**

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဆောင်ရွက်လျက်ရှိသော ငလျင်တုံ့ပြန်ရေးလုပ်ငန်းများတွင် နည်းပညာနှင့် လူမှုကရုဏာ အကူအညီများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်အတွက် ကိုရီးယားသမ္မတနိုင်ငံ ကြက်ခြေနီအသင်းမှ Head of International Cooperation မှ Mr.KIM JAE RYULနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဒုတိယအထွေထွေအတွင်းရေးမှူး ဒေါ်သင်းသင်းအောင်၊ လက်ထောက်အထွေထွေအတွင်းရေးမှူး ဒေါ်အိအိထွေးနှင့် တာဝန်ရှိသူများသည် ဇွန် ၉ ရက်က မန္တလေးမြို့တွင် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်နှင့် ကော်မတီဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစည်သူတိုးညွန့်တို့နှင့် တွေ့ဆုံခဲ့သည်။

ထို့နောက် မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်တွင် ငလျင်ကြောင့် ထိခိုက်ခံစားရသည့် အိမ်ထောင်စုများအား ကူညီထောက်ပံ့ရေးပစ္စည်းများ ထောက်ပံ့ပေးဝေရာနေရာများနှင့် ယာယီငလျင်ရှောင်စခန်းများသို့ သွားရောက်၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၀၄၅)

*-*-*-*-*-*

# နာဂဒေသ၊ ပန်ဆောင်မြို့တွင် နီပဟိဆည်တည်ဆောက်လျက်ရှိ

**ပန်ဆောင် ဇွန် ၁၂**

နာဂဒေသ၊ ပန်ဆောင်မြို့၊ နီဟိရပ်ကွက်မှ စိုက်ပျိုးမြေ ၃၄၂၈ကေကျော် အကျိုးပြုမည့် နီပဟိဆည် တည်ဆောက်လျက်ရှိသည်။

နီပဟိဆည်ကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် နီဟိရပ်ကွက်ချောင်းမကြီးတွင် တည်ဆောက်နေခြင်းဖြစ်သည်။

နီပဟိဆည်တည်ဆောက်ရာတွင်အရှည် ပေ ၁၃၀ ရှိ တူးမြောင်း တစ်ခုတည်ဆောက်သွားမည်ဖြစ်ပြီး ပန်ဆောင်မြို့သည် ၂၀၀၄ ခုနှစ်က နန်းယွန်းမြို့နယ်၏ မြို့နယ်ခွဲအဆင့်သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(၃၉၄)

# ကျေးရွာအတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**မြစ်သား ဇွန် ၁၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် ကြောင်ပန်းကုန်းကျေးရွာ၌ ကျေးရွာအတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ကွင်းဆင်းစစ်ဆေးရာတွင် မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ ကြောင်ပန်းကုန်းကျေးရွာ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေဖြင့် ကျေးရွာအတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကွန်ကရစ်လမ်းခင်းရာတွင် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။



မြစ်သားမြို့နယ်၊ ကြောင်ပန်းကုန်းကျေးရွာ၌ ဒေသခံပြည်သူများ သွားလာရေးအဆင်ပြေစေရန်အတွက် ကျေးရွာအတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် ၁၅သန်းနှင့် ကျေးရွာပြည်သူများ၏ ထည့်ငွေတို့ကို အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာက ပြောသည်။

(ဝဲပုံ)(၄၄၅)

သစ်ပင်စိုက်ပါ
တို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ။

## မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင့်လွင် ရောနှောဆီထုတ်လုပ်ရောင်းချနိုင်ရန် FDA ထောက်ခံချက်ရရှိရေးနှင့် ဆီစက်ဖွံ့ဖြိုးရေးငွေ MSME ချေးငွေဆိုင်ရာသိကောင်းစရာများ ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်



**မကွေး ဇွန် ၁၂**

"ရောနှောဆီထုတ်လုပ်ရောင်းချနိုင်ရန် FDA ထောက်ခံချက်ရရှိရေးနှင့် ဆီစက်ဖွံ့ဖြိုးရေးငွေ MSME ချေးငွေဆိုင်ရာသိကောင်းစရာများ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက မကွေးမြို့နယ် စုပေါင်းရုံးခန်းမတွင်ကျင်းပရာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆီစက်၊ ဆန်စက်လုပ်ငန်းရှင်များ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် MSME စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်မှုနဲ့အညီ နိုင်ငံ့စီးပွားရေးရဲ့ အဓိကကျောရိုးသဖွယ်ဖြစ်တဲ့ MSMEလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးအတွက် ဘက်ပေါင်းစုံမှ ပံ့ပိုးပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဦးဆောင်မှုနဲ့ ဒေသတစ်ခုထုတ်ကုန်တစ်ခု (One Region One Product) အစီအစဉ်ကို အကောင်အထည်ဖော်လျက်ရှိရာမှာ စိုက်ပျိုးရေးကဏ္ဍ၊ MSME ကဏ္ဍတို့မှ ဆန်စပါးနဲ့ စားသုံးဆီအပါအဝင် အလားအလာရှိတဲ့ ထုတ်ကုန်အမယ် ၁၁မျိုးကို ရွေးချယ်ပြီး လိုအပ်သည်များကို ပံ့ပိုးပေးလျက်ရှိကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ဆီစက်၊ ဆန်စက်လုပ်ငန်းများ အပါအဝင် MSME လုပ်ငန်းများအတွက် FDA ဆိုင်ရာ အသိပညာများ၊ ရောနှောဆီ ( Blended Oil) တရားဝင်ထုတ်လုပ်ရောင်းချနိုင်ရေးအတွက် FDA ထောက်ခံချက်ရရှိအောင် ဆောင်ရွက်ရမယ့် အချက်တွေကို အသိပေးနိုင်ဖို့နဲ့ MSME လုပ်ငန်းရှင်များအတွက် ထုတ်ချေးပေးနေတဲ့ ချေးငွေဆိုင်ရာသိကောင်းစရာတွေ၊ ဖြေလျှော့ပေးထားတဲ့ အခြေအနေတွေကို လုပ်ငန်းရှင်များ သိအောင်ပြန်လည်မျှဝေပေးနိုင်ဖို့ ရည်ရွယ်ပြီး ယခုဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ MSME လုပ်ငန်းများအနေနဲ့ ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်တဲ့နေရာမှာ ကောင်းမွန်တဲ့ထုတ်လုပ်မှုကျင့်စဉ်နဲ့အညီထုတ်လုပ်ပြီး စားသုံးသူများအတွက် ကျန်းမာရေးနဲ့ညီညွတ်တဲ့ စားသုံးဆီတွေ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးနိုင်ဖို့၊ ဝန်ဆောင်မှုလုပ်ငန်းများအနေနဲ့လည်း အရည်အသွေးမြင့် ဝန်ဆောင်မှုများပေးနိုင်ဖို့ လိုအပ်တဲ့ နည်းပညာ၊ ငွေကြေး စသည်ဖြင့် လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြင့် မကွေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ MSME လုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်မှာဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့မှ တိုင်းဒေသကြီးဦးစီးမှူးများက ရောနှောဆီထုတ်လုပ်ရောင်းချနိုင်ရန်၊ FDA ထောက်ခံချက်ရရှိရေးနှင့် ဆီစက်ဖွံ့ဖြိုးရေးငွေ၊ MSME ချေးငွေဆိုင်ရာသိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့်လုပ်ငန်းရှင်များက မေးမြန်းမှုများအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။ **(အပေါ်ဝဲပုံ)**

ထို့နောက် တိုင်းဒေသကြီး MSME Agency ဥက္ကဋ္ဌ စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**မောင်နိုင်မင်း(ပြန်ဆက်)**



## မီးခိုးမြူငွေ့ညစ်ညမ်းမှုကြောင့် ပတ်ဝန်းကျင်ဆိုင်ရာနှင့် ရာသီဥတုပြောင်းလဲမှုပြဿနာများ၏ အကျိုးသက်ရောက်မှုများရှိ

မီးခိုးမြူငွေ့ညစ်ညမ်းမှုကြောင့် လူဦးရေတိုးပွားလာခြင်း၊ မြို့ပြနှင့်စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှုတို့နှင့်အတူ ဖြစ်ပေါ်လာသော ပတ်ဝန်းကျင်ဆိုင်ရာနှင့် ရာသီဥတုပြောင်းလဲမှုပြဿနာများ၏ အကျိုးသက်ရောက်မှုများရှိကြောင်း သိရသည်။

အဆိုပါ ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွားလျက်ရှိသည့်အတွက် ကြိုတင်ကာကွယ်ရေးနှင့် လျှော့ချရေးဆောင်ရွက်ချက်များကို အကောင်အထည်ဖော်ရန်လိုအပ်သည်ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"တောမီးနှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် မီးလောင်ကျွမ်းတယ်။ အထူးသဖြင့် တောမီးလောင်ကျွမ်းမှုများကြောင့် ဖြစ်ပေါ်လာသော မီးခိုးမြူငွေ့ညစ်ညမ်းမှုများ ဖြစ်လာတယ်။ မြန်မာနိုင်ငံမှာဆိုရင် တောမီးလောင်မှုဖြစ်ပွားရခြင်း၏ ၉၅ ရာခိုင်နှုန်းမှာ လူသားတို့၏အပြုအမူများကြောင့် ဖြစ်တယ်"ဟု ၎င်းက ပြောသည်။

မီးခိုးမြူငွေ့ဆိုသည်မှာ အခိုးအငွေ့များ၊ ဖုန်မှုန့်များ၊ အမှုန်များ၊ ရေခိုးရေငွေ့များနှင့် အခြားအငွေ့ပျံစေနိုင်သည့်အရာများ လေထုထဲတွင်ပေါင်းစပ်ပြီး ဖြစ်ပေါ်လာသည့်အရာများဖြစ်ကြောင်း၊ ၎င်းဖြစ်စဉ်များမှ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများခံစားရနိုင်ကြောင်း သိရသည်။ **(အပေါ်ပုံ) လူသစ်လေး**

## မန္တလေးဆိပ်ကမ်း ဧရာဝတီမြစ်ရေသည် အမြင့်ဆုံးရောက်ရှိခဲ့ရာမှ ပြန်လည်ကျဆင်းလာ

**မန္တလေး ဇွန် ၁၂**

မန္တလေးဆိပ်ကမ်း ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ် ၁၂၆၀ စင်တီမီတာအောက် ၁၁၂ စင်တီမီတာ(၄ ပေခန့်အလို)ထိ အမြင့်ဆုံးရောက်ရှိခဲ့ရာမှ ယနေ့တွင် ၂လက်မခန့် ကျဆင်းသွားပြီဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မြစ်ရေတိုင်းထွာချက်များအရ သိရသည်။

ဇွန် ၁၁ရက်ညနေ ၆နာရီခွဲ တိုင်းထွာချက်များအရ မြစ်ရေမှတ် ၁၁၂၁စင်တီမီတာသို့ ရောက်ရှိခဲ့ရာမှ ယနေ့ နံနက် ၆နာရီခွဲတွင် မြစ်ရေမှတ် ၁၁၁၄ စင်တီမီတာရှိသဖြင့် ၇စင်တီမီတာ (၂ လက်မခန့်) ကျဆင်းသွားခဲ့သည်။

"ဧရာဝတီမြစ် အထက်ပိုင်းမြစ်ဖျားခံရာဒေသတွေမှာ မိုးကြီးတာ၊ ရေခဲတောင်ပြိုကျတာ၊ တောင်ကျရေတွေ စီးဆင်းလာတဲ့အခါ မြစ်ကြီးနားမှာ မြစ်ရေတက်လာတယ်။ အဲဒီကနေ အောက်ဘက်ကိုစီးဆင်းလာပြီး မြစ်ရေတက်လာတာပါ။ မြစ်ကြီးနားမြစ်ရေက မန္တလေးကို ၇ရက်လောက်ဆို ရောက်လာတဲ့အတွက် ပြီးခဲ့တဲ့ရက်တွေက မန္တလေးဆိပ်ကမ်းမှာ မြစ်ရေမြင့်တက်လာတာပါ"ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြစ်ကြီးနားတွင် ဇွန် ၂ရက်က ၎င်းမြို့၏ စိုးရိမ်ရေအမှတ်သို့ ရောက်ရှိခဲ့ပြီးနောက် မြစ်အောက်ဘက်သို့ စီးဆင်းလာပြီး ဗန်းမော်၊ ရွှေကူ၊ ကသာ၊ သပိတ်ကျင်း စတဲ့ ဆိပ်ကမ်းတွေမှာ မြစ်ရေမြင့်တက်လာသကဲ့သို့ မန္တလေးဆိပ်ကမ်းတွင်လည်း ဇွန် ၁၁ရက်က စိုးရိမ်ရေအမှတ်အောက် ၄ပေအကွာထိ ရောက်ရှိခဲ့သည်။

"လက်ရှိ မြစ်ကြီးနားမြစ်ရေက ၄၅၁ စင်တီမီတာမှာ ရှိတယ်။ အဲဒီမြို့ရဲ့ စိုးရိမ်ရေမှတ်ဖြစ်တဲ့ ၁၂၀၀ စင်တီမီတာအောက် ၂ဆကျော်လောက် ကျဆင်းသွားပါပြီ။ အလားတူပဲ အောက်ဘက်ဆိပ်ကမ်းမြို့တွေမှာ အမြင့်ဆုံးရေအမှတ်တွေအောက် ကျဆင်းလာတာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မြစ်ရေမှတ်တမ်းများအရ မြစ်ကြီးနားတွင် စိုးရိမ်ရေမှတ်ရောက်ရှိသည့် ဇွန် ၂ရက်တွင် မန္တလေးဆိပ်ကမ်း၌ ၆၈၇ စင်တီမီတာရှိခဲ့ရာမှ ယင်းနောက်ပိုင်း တဖြည်းဖြည်းမြင့်တက်လာခဲ့ရာ ဇွန် ၃ ရက်တွင်-၇၄၆ စင်တီမီတာ၊ ၅ ရက်တွင် ၈၄၈ စင်တီမီတာ၊ ၇ ရက်တွင် ၉၇၆ စင်တီမီတာ၊ ၈ ရက်တွင် ၁၀၄၁ စင်တီမီတာ၊ ၉ ရက်တွင် ၁၀၉၃ စင်တီမီတာ၊ ၁၀ ရက်တွင် ၁၁၂၃ စင်တီမီတာ၊ ၁၁ ရက်တွင် ၁၁၂၁ စင်တီမီတာသို့ အမြင့်ဆုံးရောက်ရှိခဲ့ပြီး ဇွန် ၁၂ရက်တွင် ပြန်လည်ကျဆင်းလာပြီဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၉)**



## မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ Talk Show ဆောင်ရွက်

**သရက် ဇွန် ၁၂**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းတင်ဆက်သည့် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ Talk Show ဆောင်ရွက်ခြင်းကို ယမန်နေ့ မွန်းလွဲ ၂နာရီက ခရိုင်ပြည်သူ့စာကြည့်တိုက် Commnuty Centre ခန်းမ၌ ကျင်းပသည်။

အဆိုပါ Talk Show ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နေမျိုးပိုင်နှင့် လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နော်ဖောဝါးတို့က မသန်စွမ်းသူဆိုတာ ဘယ်လိုအခြေအနေမျိုးဆိုတာလဲ၊ မသန်စွမ်းမှုအမျိုးအစားများ၊ မသန်စွမ်းဖြစ်ရသည့် အကြောင်းအရင်းများ၊ မသန်စွမ်းသူများ အခွင့်အရေးဥပဒေနှင့် နည်းဥပဒေများကို မည်သည့်ခုနှစ်မှာ ရေးဆွဲပြဋ္ဌာန်းခဲ့သည်တို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**ဇော်ထက်(သရက်)**




နိုင်ငံအဝန်း
သစ်တောစွမ်းဖြင့်
စိမ်းလန်းစေရမည်။

# စိုက် ပျိုး ရေး က ဏ္ဍ



## မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**မိုင်းယန်း ဇွန် ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းခရိုင်၊ မိုင်းယန်းမြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက် ၈ နာရီက မိုင်းယန်းမြို့အဝင် ဆိုင်းဘုတ်သစ်အနီး မြေကွက်လပ်တွင် ကျင်းပသည်။

အဆိုပါ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် မိုင်းယန်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလင်းသန့်နှင့် အဖွဲ့ဝင်များက ပျိုးပင်များကိုပေးအပ်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးစိုင်းလှိုင်ခမ်းနှင့် အမျိုးသမီးရေးရာအသင်းအဖွဲ့များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က လက်ခံရယူသည်။

ထို့နောက် မိုင်းယန်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအသင်းအဖွဲ့များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများနှင့် မြို့နယ်သစ်တောဦးစီးဌာနဝန်ထမ်းများက "နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်၊ သင့်အတွက် သစ်ပင်ရှင်အောင်စိုက်ပျိုး၊ ကြီးအောင်ပြုစု မြဲအောင်ထိန်းသိမ်း" ဆောင်ပုဒ်များနှင့်အညီ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေးတို့အတွက် ကျွန်း၊ ချယ်ရီ၊ စိန်ပန်း၊ မန်ကျည်း၊ မဲဇလီ၊ ထင်း စသည့် ပျိုးပင်များ စုစုပေါင်း ၃၀၀ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

## ယခုနှစ် မိုးရာသီ၌ ကျွဲ၊ နွား တိရစ္ဆာန်အစာ ၈၅၃ ဧက စိုက်ပျိုးမည်

**ကျွန်းလှ ဇွန် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကျွဲ၊ နွားတိရစ္ဆာန်အစာ ၈၅၃ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဒီနှစ် မိုးရာသီ ကျွန်းလှမြို့နယ်မှာ ကျွဲ၊ နွား တိရစ္ဆာန်အစာ စိုက်ပျိုးဖို့ ၈၅၃ ဧက လျာထားပါတယ်။ တောင်သူတွေ ဒီလကုန်မှာ စိုက်ပျိုးကြဖို့ ပြင်ဆင်နေကြပါတယ်။ စိုက်ဧကပြည့်မီအောင်နဲ့ အောင်မြင်ဖြစ်ထွန်းဖို့ စိုက်ပျိုးရေးနည်းပညာများ ပံ့ပိုးပေးသွားမှာဖြစ်ပါတယ်။ ကျွဲ၊ နွားတိရစ္ဆာန်အစာ စိုက်ပျိုးကြသည့်အပြင် ကောက်ရိုး၊ မြေပဲရိုး စတဲ့ တိရစ္ဆာန်အစာအစာများကို တောင်သူတွေ စုဆောင်းထားကြပါဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

အဆိုပါ ကျွဲ၊ နွား တိရစ္ဆာန်အစာ စိုက်ပျိုးသည့် တောင်သူများအား မျိုးစေ့များ ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကင်းစင်ပြီး အောင်မြင်ဖြစ်ထွန်းရေး၊ တိုးချဲ့စိုက်ပျိုးရေး စသည့် စိုက်ပျိုးရေးနည်းပညာများ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ကျွန်းလှမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ နှစ်ရှည်ပင်နှင့် အခြားသီးနှံများ စိုက်ပျိုးကြသည့်အပြင် ကျွဲ၊ နွားတိရစ္ဆာန်အစာများ စိုက်ပျိုးကြကြောင်း၊ ဒေသခံပြည်သူများ အလုပ်အခွင့်အလမ်းရရှိနေကြပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ (အပေါ်ဝဲပုံ)(၄၈၀)



## ချည်မျှင်ရှည်ဝါ ဧက ၂၅၃၀ လျာထားစိုက်ပျိုးသွားမည်

**ရေနံချောင်း ဇွန် ၁၂**

မကွေးတိုင်းဒေသကြီး၊ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်တွင် ယခုနှစ်စိုက်ပျိုးရာသီ၌ ချည်မျှင်ရှည်ဝါဧက ၂၅၃၀ လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေနံချောင်းမြို့နယ်၌ ဝါစိုက်ပျိုးမည့်တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နည်းပညာများကို ပံ့ပိုးပေးလျက်ရှိသည်။

ရေနံချောင်းမြို့နယ်ရှိ ကျေးရွာများတွင် ဝါကို အဓိကစိုက်ပျိုးကြပြီး ဝါတစ်ဧကလျှင် ပိဿာ ၅၀၀ ကျော် ထွက်ရှိကာ ဝင်ငွေရရှိနေကြသည်။

ယခင်နှစ်တွင် ရေနံချောင်းမြို့နယ်၌ ဝါစိုက်ဧက ၂၀၄၁ ဧက စိုက်ပျိုးပြီးစီးကာ ၂၀၄၁ ဧက ရိတ်သိမ်းပြီးစီးခဲ့ကြောင်း စုစုပေါင်း ဝါပိဿာ ၁၁၅၈၄၃၄ ထွက်ရှိကြောင်း ရေနံချောင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန စာရင်းအရ သိရသည်။(၄၇၂)

## ၂၀၂၅ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနား ကျင်းပ

**ဟိုပုံး ဇွန် ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်တွင် ၂၀၂၅ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇွန် ၁၁ ရက် နံနက် ၈ နာရီခွဲက နမ့်ဇော်ဟွန်းကျေးရွာအနီးတွင် ကျင်းပသည်။

အခမ်းအနားတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက အမှာစကားပြောကြားသည်။ ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက စိုက်ပျိုးမည့် ပျိုးပင်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းကိုလည်းကောင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက တပ်ရင်း၊ တပ်ဖွဲ့များအတွက် စိုက်ပျိုးမည့် ပျိုးပင်များကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ငွေအောင်ကိုလည်းကောင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက စိုက်ပျိုးမည့် ပျိုးပင်များကို ဒေသခံပြည်သူများကိုလည်းကောင်း အသီးသီး ပေးအပ်ကြသည်။

ယင်းနောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဒေသ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့နှင့် ဒေသခံပြည်သူများက စုပေါင်းသစ်ပင်စိုက်ပျိုးခဲ့ပြီးနောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် စိန်ပန်းနီ ၃၀၀ပင်၊ စိန်ပန်းပြာ ၃၀၀ ပင်၊ မျောက်ငို ၂၀၀ ပင်နှင့် ထင်းရှူးပင် ၂၀၀ ပင်၊ စုစုပေါင်း ၁၀၀၀ ပင် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

ပအိုဝ်းဒေသ(ပြန်/ဆက်)



## 'ဒုတိယရွှေဖီဦးမိုးလွတ်' လက်ဖက်ရွက်နုများ ဆက်လက်ခူးဆွတ်ရောင်းချပေး

**ပင်းတယ ဇွန် ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ် တောင်တန်းမြေပြန့် ကျေးရွာအုပ်စုအများအပြားရှိ မိရိုးဖလာ တောင်ယာလက်ဖက်စိုက်ခင်းများမှ စတင်ထွက်ရှိလာသော 'ရွှေဖီဦးမိုးလွတ်' လက်ဖက်ရွက်နုများ ဆက်လက်ခူးဆွတ် ရောင်းချပေးနေကြပြီဖြစ်သည်။

ပင်းတယမြို့နယ်တွင် မြို့ပေါ် ငှက်ပျောတောရပ်ကွက်၊ ဆင်ခေါင်းရပ်ကွက်၊ အနောက်ရပ်ကွက်၊ ပေါက်တောရပ်ကွက်နှင့် တောင်ပေါ်အနောက်တောင်တန်းတစ်လျှောက်ရှိ ကျေးရွာများဖြစ်သော ကူးကော်ကျေးရွာ၊ တောင်ပေါ်ကြီးကျေးရွာ၊ ပင်စိမ်းပင်ကျေးရွာ၊ မြေနီတောင်ကျေးရွာ၊ ဆီးကျအင်းကျေးရွာ၊ မဲနယ်တောင်ကျေးရွာ၊ ပန်းစစ်ကျေးရွာ၊ ပါးမဲကျေးရွာ၊ ပန်နဲကုန်းကျေးရွာ၊ ထင်းရှူးကုန်းကျေးရွာ၊ ဒရယ်အင်းကျေးရွာ၊ ဝါးပြားကျေးရွာ၊ အင်းခေါင်းကျေးရွာ၊ ကြေးတွင်းကုန်းကျေးရွာ၊ ထွက်နီကျေးရွာနှင့် မြေပြန့်ကျေးရွာဖြစ်သော အင်းငယ်ကျေးရွာ၊ ညောင်ကောက်ကျေးရွာ၊ ညောင်ဝန်းကျေးရွာ၊ ပန်းအိုးကွဲကျေးရွာ၊ ရေဖြူကျေးရွာ၊ ဇော်ဂျီကျေးရွာ၊ ကျုံးကျေးရွာ၊ ပွေးလှကျေးရွာအစရှိသည့် ရပ်ကွက်နှင့်ကျေးရွာအုပ်စုများရှိ တောင်ယာစိုက်ခင်းလက်ဖက်ခြံများတွင် ပင်ရေ ၅၀၀ မှ ပင်ရေ ၃၀၀၀ ကျော် စိုက်ပျိုးလျက်ရှိသည်။

အဆိုပါလက်ဖက်ရွက်နုများအား ဆက်လက်ခူးဆွတ်နေကြပြီဖြစ်ကြောင်းကို မေးမြန်းရာတွင် "ကျွန်မတို့ရဲ့ တောင်ပေါ်မြေကထွက်တဲ့ နှဒေသကြိန်ကာလအထိမ်းအမှတ် ရွှေဖီဦးမိုးလွတ်ရွက်နုလက်ဖက်ဟာဆိုရင် စိမ့်စမ်းအေးမြတဲ့ တောင်ပေါ်ရာသီဥတုနှင့် သစ်တောသစ်ပင်တွေကြောင့် အရမ်းကောင်းမွန်တဲ့ လက်ဖက်ရွက်နုရရှိကြပါတယ်ရှင့်။ အခုလည်းလေ ရွက်နုလေးတွေက လှလှပပဝေဆာနေတော့ ကျွန်မတို့တောင်သူ ဓနု၊ တောင်ရိုး၊ ပအိုဝ်း၊ ပလောင်၊ ရှမ်း အစရှိတဲ့ တိုင်းရင်းသားမိဘပြည်သူတွေ မအားလပ်နိုင်အောင် နံနက်စောစောအိပ်ရာကထပြီး နေ့စဉ်ခူးဆွတ်နေကြပါပြီ။ လက်ဖက်ဈေးနှုန်းက ရွက်စိမ်းနုတစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ မှ ၅၀၀၀၊ ရိုးရိုးနေလှန်းလက်ဖက်ခြောက်တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀၀ မှ ၂၂၀၀၀ နှင့် ဆောင်ရွက်ရတဲ့ သဘာဝအရသာ အဆင့်မီ ဂရင်းတီး(Green tea) လက်ဖက်ခြောက်တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀၀ ဖြင့် ခူးဆွတ်ဆောင်ရွက်ထုတ်လုပ်ရောင်းချပေးနေပြီဖြစ်ကြောင်း မိသားစု ရွှေဖီမိုးလွတ် လက်ဖက်ရောင်းဝယ်ရေးလုပ်ငန်းရှင် ကူးကော်ကျေးရွာနေ ဒေါ်ခင်ညိုက ပြောသည်။

(ဝဲပုံ)

(၃၃၈)



## စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော စာအုပ်၊ စာစောင်ပြပွဲ ကျင်းပ



**မိုင်းစံ ဇွန် ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းစံမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

ဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး(ကိုယ်စား) ဒေါ်ကေသွယ်စိုးက ကျောင်းသား၊ ကျောင်းသူများအား စာကြည့်တိုက်ကို အသုံးချတတ်စေရန် စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ စာဖတ်ခြင်း၏ အကျိုးကျေးဇူးဆိုင်ရာများနှင့် စာပေဖတ်ရှုခြင်းဖြင့် အမှား၊ အမှန်ကို ဝေဖန်ပိုင်းခြားတတ်ပြီး အသိပညာဗဟုသုတများ တိုးပွားစေရန်ရည်ရွယ်၍ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း အသိပညာပေးဟောပြောခဲ့ပြီး အငယ်တန်းစာရေး ဦးစိုင်းခေးလိုင်းက ဖြတ်ထိုးဉာဏ်ပုံပြင်အကြောင်း အသိပညာပေး ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာအုပ်၊ စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်

## မေတ္တာမိုး

* ရှေးရှေးကာလ
ဘဝများစွာ
သံသရာမှ
ကျင်လည်ခဲ့စဉ်
ချစ်ချစ်ခင်ခင်
ကြင်ကြင်နာနာ
နေထိုင်လာ ။

* ပစ္စုပ္ပန်ဟူ
ယခုမှကား
တစ်ယောက်အကျိုးစီးပွား
တစ်ယောက်ဆောင်ရွက်ရာ ။

* မျက်နှာမြင် ချစ်ခင်
အသံကြား သနား
မုန်းရာမှ ချစ်
ချစ်ရာမှ တိုး
မေတ္တာမိုးစွေ
ချမ်းသာပါစေ့ အလှဝေ ။ ။

**ကောင်းတေးသီ(အမရပူရ)**

## စာဖတ်ပရိသတ်များထံသို့ နယ်လှည့်စာကြည့်တိုက် ကွင်းဆင်းဆောင်ရွက်ပေး

**ပုံပါကျင် ဇွန် ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ ပုံပါကျင်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် နယ်လှည့်စာကြည့်တိုက်စနစ်ဖြင့် စာဖတ်ပရိသတ်ထံ လက်ဝယ်အရောက် စာအုပ်၊ စာစောင်များ လှည့်လည်ငှားရမ်းပေးခြင်းကို ဇွန် ၁၁ ရက် နံနက် ၁၀ နာရီက အမှတ်(၂)ရပ်ကွက်အတွင်းသို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ပေးရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက သုတ၊ ရသ စာအုပ်ပေါင်း ၇၀ ကို သယ်ဆောင်၍ အမှတ်(၂)ရပ်ကွက်အတွင်းရှိ စာဖတ်ပရိသတ်များထံမှ ယခင်ငှားရမ်းပေးထားသော စာအုပ်၊ စာစောင်များအပ်နှံမှုကို လက်ခံခြင်း၊ စာအုပ်၊ စာစောင်အသစ်များ ထပ်မံငှားရမ်းပေးခြင်းတို့ကို အခမဲ့ဆောင်ရွက်ပေးခဲ့သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပုံပါကျင်မြို့ ရုံးအနေဖြင့် လူငယ်၊ လူရွယ်များ၊ စာပေဝါသနာရှင်များ အချိန်ကို အကျိုးရှိစွာအသုံးချတတ်စေရန်၊ အမှား၊ အမှန်ဝေဖန်ပိုင်းခြားတတ်စေရန်၊ စာဖတ်သည့် အလေ့အထများ ရရှိစေရန်နှင့် စာကြည့်တိုက်သို့ စာအုပ်၊ စာစောင်များ လာရောက်ငှားရမ်းဖတ်ရှုနိုင်ခြင်းမရှိသည့် စာဖတ်ပရိသတ်များအား အဆင်ပြေစွာ ငှားရမ်းဖတ်ရှုနိုင်စေရန် ရည်ရွယ်၍ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။



**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**




## အခြေခံပညာမူလတန်းကျောင်း(နောင်ပန်)တွင် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**လဲချား ဇွန် ၁၂**

အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်နှင့် ကျောင်းသား၊ ကျောင်းသူများ၏ ကိုယ်ရည်ကိုယ်သွေး၊ ဉာဏ်ရည်ဉာဏ်သွေး တိုးတက်မြင့်မားလာစေရန်ရည်ရွယ်၍ ဇွန် ၁၁ ရက် နံနက် ၁၀ နာရီက ရှမ်းပြည်နယ်တောင်ပိုင်း၊ လဲချားမြို့နယ် အခြေခံပညာမူလတန်းကျောင်း(နောင်ပန်)၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီးက အမှာစကားပြောကြားပြီး ဦးစီးအရာရှိ ဒေါ်ခင်ချိုထွေးက ကလေးအလုပ်သမားပပျောက်ရေး၊ ကလေးအလုပ်သမားအကြောင်းသိကောင်းစရာများကို လည်းကောင်း၊ ဒုတိယဦးစီးမှူးဒေါ်ဟေမွန်ဦးက မူးယစ်ဆေးဝါးဟူသည်၊ ရှောင်လေဝေးဝေး မူးယစ်ဆေး၊ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေး၊ ကျောင်းပညာရေးတွင်သာမက ဘက်စုံထူးချွန်သော ကျောင်းသား၊ ကျောင်းသူများ ဖြစ်ထွန်းလာစေရန်အတွက် ကျောင်းစာအပြင် ပြင်ပဗဟုသုတ စာအုပ်၊ စာစောင်များကို ဖတ်ရှုလေ့လာသင့်ကြောင်းကို လည်းကောင်း အသိပညာပေး ဟောပြောပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ သဘာဝဘေးအန္တရာယ်၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်များကို ပြသခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Johnny Depp က Day Drinker နှင့် ပြန်ရောက်လာ

ဂျက်စပဲရိုး(ခေါ်)ဂျွန်နီဒက်က ဇနီးဟောင်းနှင့် တရားရင်ဆိုင်မှုအပြီး Day Drinker ၏ ရုပ်ရှင်နှင့် ဟောလိဝုဒ်သို့ ပြန်လည်ဝင်ရောက်လာကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်ကို Live Stream က ထုတ်လုပ်ခဲ့ပြီး ဒါရိုက်တာ မာစ်ဝက်က တာဝန်ယူရိုက်ကူးထားကာ ဂျွန်နီဒက်နှင့် ပင်နီလိုခရုစ်တို့ အဓိကပါဝင်ထား၍ မာဒီလင်ကလင်၊ မာနူရိစ်၊ အာရွန်ပီပါဂျွန်ဒီဂိုဘောတိုနှင့် အနီကာဘွိုင်လီတို့ ပါဝင်အားဖြည့်ထားကြသည့် အပြင် နမူနာပါ ထွက်ရှိထားသည်။



ဖိမ်ခံသင်္ဘောပေါ်မှ လျှို့ဝှက်ဆန်းကြယ်သောဧည့်သည်တစ်ဦး၏ ဇာတ်လမ်းဖြစ်ပြီး ရာဇဝတ်သမားတစ်ဦးနှင့် ဆက်နွှယ်ကာ မထင်မှတ်သောပုံစံများနှင့် မြင်တွေ့ရမည့် ထူးခြားသော ဇာတ်လမ်းဖြစ်သည်။

ထိုရုပ်ရှင်ကို စပိန်တွင် ရိုက်ကူးနေပြီး ပြသမည့်ရက်ကို ထုတ်ဖော်ကြေညာထားခြင်း မရှိသေးချေ။ (SKY)



## G-Dragon က Sphere Dome တွင် ဖန်တီးမှုဒါရိုက်တာအဖြစ်ပါ တာဝန်ယူထား

ကေပေါ့ပ် စွန့်ဦးတီထွင်သူ ဂျီဒရယ်ဂွန်(ခေါ်)ကွမ်ဂျီယောင်သည် ဦးနှောက်ကြီးကြီးနှင့် အကြီးကြီးများလုပ်ပြထားရာမှ G-Dragon X HANA Global Campaign တွင် သံတမန်အဖြစ်သာမက ဖန်တီးမှု ဒါရိုက်တာ အဖြစ်ပါ တာဝန်ယူထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျီဒရယ်ဂွန်သည် ခုနစ်နှစ်ကြာ အိပ်ပျော်နေရာမှ နိုးထလာသော နဂါးတစ်ကောင်ဖြစ်ပြီး ကိုရီးယား၊ ဂျပန်၊ တရုတ်အွန်လိုင်းတို့တွင် လက်မှတ်များ ရောင်းကုန်ခဲ့ကာ ဖျော်ဖြေပွဲ ထိပ်ဆုံးစံချိန်တင်နိုင်ခဲ့သည်။

ကိုယ်တိုင်တေးရေး၊ တေးဆို၊ ဂီတမှူး၊ အမှုဆောင်၊ ထုတ်လုပ်သူ၊ ဖန်တီးမှုဒါရိုက်တာအဖြစ် Ubermenseh အယ်လ်ဘမ်နှင့် နယ်ပယ်စုံမှ အနုပညာရှင်များနှင့် Good Day ကို ဖန်တီးရုံသာမက G-Dragon X The Venti နှင့် ဖျော်ရည်ကိုပါ ထုတ်ထားကာ G-Dragon X HANA Global Campaign ကိုပါ ဖန်တီးမှုဒါရိုက်တာအဖြစ် တာဝန်ယူထား၍ ပရိသတ်အားကျနေကြသည်။ (SKY)

0-0-0-0-0

## Jesse Eisenberg က The Social Network ကို ထူးခြားစွာ သရုပ်ဆောင်ထား

ဟောလိဝုဒ်သရုပ်ဆောင် ဂျက်ဆီအီဆမ်ဘတ်က The Social Network ကို ၂၀၁၅ ခုနှစ်တွင် ရိုက်ကူးထားရာ သူ၏ ထူးခြားသောသရုပ်ဆောင်မှုကို ပရိသတ်များသာမက ကာယကံရှင် မတ်ခ်ဇူကာဘတ်ပင် မှင်တက်ခဲ့ရကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားမှာ လူမှုကွန်ရက်ဖေ့စ်ဘုတ်တည်ထောင်သူ မတ်ခ်ဇူကာဘတ်၏ ဖြစ်ရပ်မှန် ကြိုးစားအားထုတ်ခဲ့သည့် လူငယ်ဘဝဖြစ်ပြီး သရုပ်ဆောင် ဂျက်ဆီအီဆမ်ဘတ်က ဇာတ်ကားမရိုက်ခင်နှင့် ရိုက်ကူးနေစဉ်အချိန်ထိ သူ့ဘဝတစ်လျှောက်လုံး မတ်ခ်ဇူကာဘတ်ကို တစ်ခါမျှ မတွေ့ခဲ့ဖူးသူ ဖြစ်သည်။

ထိုဇာတ်ကားတွင် ဂျက်ဆီအီဆမ်ဘတ်က မတ်ခ်ဇူကာဘတ်၏ အမူအရာအကျင့်များ၊ အကျင့်စရိုက်များကို တစ်ပုံစံတည်းတူအောင် သရုပ်ဆောင်သွားသည်ကိုကြည့်၍ မတ်ခ်ဇူကာဘတ်က ကိုယ့်ကိုယ်ကိုယ် မလုံမလဲဖြစ်ခဲ့ရသည်ဟု ပြောခဲ့ကာ ပရိသတ်များက ဂျက်ဆီအီဆမ်ဘတ်ကို မတ်ခ်ဇူကာဘတ်ဟု ထင်ရလောက်အောင် ထူးခြားစွာ သရုပ်ဆောင်ထားသည်။ (SKY)



## တရုတ်နိုင်ငံ၏ ရေအောက်သုတေသနစခန်းစီမံကိန်း အဏ္ဏဝါဗေဒအသိပညာတိုးတက်စေရန် ရည်ရွယ်

တရုတ်နိုင်ငံ၏ ရေအောက်သုတေသနစခန်းစီမံကိန်းသည် သမုဒ္ဒရာလေ့လာရေးနယ်ပယ်တွင် အရေးပါသော တိုးတက်မှုတစ်ရပ်ဖြစ်သည်။

၂၀၃၀ ပြည့်နှစ်တွင် စတင်အလုပ်လုပ်ဆောင်ရန် စီစဉ်ထားသည့် ထိုဆန်းသစ်သောစခန်း၌ ပင်လယ်ရေမျက်နှာပြင်အောက် ပေ ၆၅၀၀ အနက်အထိ မှတ်တမ်းတင်ထားသည့် အနက်ဆုံးနေရာရှိ အခြေအနေများကို သိပ္ပံပညာရှင်များ လေ့လာနိုင်မည် ဖြစ်သည်။

အဆိုပါသုတေသနစခန်းတွင် သုတေသီ ခြောက်ဦးအထိ တစ်လကြာ နေထိုင်နိုင်ပြီး အပြည်ပြည်ဆိုင်ရာ အာကာသစခန်းတွင် လုပ်ဆောင်သကဲ့သို့ ပင်လယ်အနက်ပိုင်းတွင် သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဟု ဆိုသည်။

ပင်လယ်အနက်ပိုင်း ဂေဟစနစ်များနှင့်ပတ်သက်သည့် အဏ္ဏဝါဗေဒဆိုင်ရာအသိပညာကို ပြောင်းလဲတိုးတက်စေရန် ရည်ရွယ်ပြီး ထိုရေအောက်သုတေသနစခန်းကို တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။ (SCI)



## Inside Out ရုပ်ရှင်မှာ Bechdel Test အောင်မြင်

ဟောလိဝုဒ်အနုပညာလောကတွင် Bechdel Test အောင်မြင်မှုကျရှုံးမှုရှိသော ရုပ်ရှင်ဇာတ်ကားများစာရင်းတွင် Inside Out မှာ အောင်မြင်ခဲ့သော ဇာတ်ကား ဖြစ်ခဲ့ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ရုပ်ရှင်ဇာတ်ကားတစ်ကားတွင် အမျိုးသမီးပါဝင်မှု အတိုင်းအတာစာမေးပွဲ Bechdel Test နှင့် တိုင်းတာရာတွင် အချက် သုံးချက်ရှိပြီး အမျိုးသမီးနှစ်ဦးပါဝင်ခြင်း၊ အချင်းချင်းစကားပြောခြင်း၊ ပြောသည့်အကြောင်းအရာတွင် အမျိုးသား အကြောင်းမဟုတ်ဘဲ အခြားအကြောင်းဖြစ်ခြင်းတို့ ပါဝင်သည်။

ယင်းစာမေးပွဲပုံစံမှာ အမျိုးသမီး ဇာတ်ဆောင်တစ်ဦး၏ အတွင်းစိတ်ထား၊ အရည်အသွေး၊ လုပ်ဆောင်မှုများကို တွက်ချက်ခြင်းမဟုတ်ဘဲ ရုပ်ရှင်နှင့် ပြင်ပဘဝ အမျိုးသမီးများကို ကိုယ်စားပြုထင်ဟပ်သည့် ဇာတ်ကောင်များ ပေါ်ထွက်ရန် အတွက်ဖြစ်ရာ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း အောင်မြင်ခဲ့သည့် ရုပ်ရှင်များတွင် Inside Out Black Panther, Dune: Part One, Past Lives, Everything Everywhere All At Once နှင့် Mad Max: Fury Road တို့ ပါဝင်ထားသည်။ (SKY)

## Study Group နှင့် ကျော်ကြားခဲ့သော ကိုရီးယားမင်းသား ချာဝူမင်း



အနုပညာရှင် ချာဝူမင်းသည် Melo Movie ဇာတ်လမ်းတွဲသစ်တွင် ပါဝင်ထားပြီး Study Group နှင့် ကျော်ကြားခဲ့ရာမှ ဘီအယ်လ်ဇာတ်လမ်းများ ရိုက်ကူးလိုကြောင်း အင်တာဗျူးတစ်ခုတွင် ပြောကြားခဲ့သည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ချာဝူမင်းက ကိုရီးယား ဘီအယ်လ်စီးရီး The Tasty Florida နှင့် ပွဲဦးထွက်ခဲ့ပြီးနောက် Study Group , Night Has Come တို့တွင်လည်း ကျော်ကြားလာကာ ကောင်းမွန်သည့် ဇာတ်ညွှန်းနှင့် ဘီအယ်လ်ဇာတ်ကားကို ထပ်မံရိုက်ကူးချင်ကြောင်း အင်တာဗျူးတစ်ခုတွင် ပြောကြားသွားခဲ့သည်။ (SKY)

## Go Young -Jung က Resident Playbook ဒရာမာနှင့် လူကြိုက်များလာ

တစ်ပတ်အတွင်း လူကြိုက်အများဆုံးနှင့်အကျော်ကြားဆုံး သရုပ်ဆောင်စာရင်းတွင် Resident Playbook ဒရာမာနှင့် ဂိုယွန်ဂျောင်းကို ထိပ်ဆုံးစာရင်းဝင်ခဲ့ကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါစာရင်းကို ဂွတ်ဒေတာကော်ပိုရေးရှင်းက ကောက်ယူ၍ အပတ်စဉ်ထုတ်ပြန်ကြေညာထားရာ အကျော်ကြားဆုံး ဒရာမာဇာတ်ကားအဖွဲ့ဝင်များစာရင်းတွင် Resident Playbook က နံပါတ်(၁)၊ ဂိုယွန်ဂျောင်းက နံပါတ်(၂)နေရာ ရရှိထားသည်။

ဂိုယွန်ဂျောင်းသည် အနုပညာစွမ်းရည် ပြည့်ဝသူဖြစ်၍ ထိုဒရာမာဇာတ်ကားတွင် သူ၏ စွမ်းရည်ကို ထုတ်ဖော်ပြသရာမှ လူကြိုက်များအားပေးမှု ရရှိခဲ့ခြင်း ဖြစ်သည်။ (SKY)



# ကမ္ဘာမှာ ထင်ရှား 'ဂုဏ်ယူဖွယ်ရာ မြန်မာ့သနပ်ခါး'

မြန်မာ့သနပ်ခါး၏ နွေတွင်အေး၍ ဆောင်းတွင်နွေးသော အာနိသင်ကြောင့် မြန်မာအမျိုးသမီးတို့သည် မွေးကင်းစမှစ၍ အိုမင်းချိန်အထိ အသက်အရွယ်မရွေး သနပ်ခါးလိမ်းကြသည်မှာ မြန်မာ့ယဉ်ကျေးမှုဓလေ့တစ်ခုဖြစ်သည်။

## သနပ်ခါး

လွန်ခဲ့သော နှစ်ပေါင်း(၂၀၀၀)ကျော်ကတည်းက မြန်မာအမျိုးသမီးများ လိမ်းကျံခဲ့သော မြန်မာ့သနပ်ခါးမှာ 'သနခါ'ဟူသော စကားမှ ဆင်းသက်လာခဲ့သည်ဟု ဆိုသည်။ 'သန'ဆို သည်မှာ 'မသန့်ရှင်း၊ ယုတ်ညံ့သည်' ဟု အဓိပ္ပာယ်ရပြီး 'ခါ'ဆိုသည်မှာ 'စွန့်ထုတ်ခြင်း'ဟု အဓိပ္ပာယ်ရသောကြောင့် 'သနခါ' သည် 'မကောင်းသည့် အညစ်အကြေးများကို စွန့်ထုတ်ပေးသည်' ဟု အဓိပ္ပာယ်ရကြောင်း မြန်မာအဘိဓာန်အလိုအရ သိရသည်။ 'သနခါ' မှ ကာလရွေ့လျားလာသောအခါ 'သနပ်ခါး'ဟု ပြောင်းလဲခေါ်ဆိုလာခြင်း ဖြစ်သည်။

မြန်မာအမည် 'သနပ်ခါးပင်'ကို အင်္ဂလိပ်တို့က(Chinese Box Tree, Wood Apple) ဟု ခေါ်သည်။ သိပ္ပံအမည်မှာ *Hesperethusa crenulata* အမည်ခွဲမှာ *Naringi Crenulata* ဖြစ်သည်။ အပင်လတ်အမျိုးအစားဖြစ်ပြီး (၂၀/ ၃၀)ပေအမြင့်အထိ ရှိတတ်၏။ ပင်စည်အကိုင်းအခက်များတွင် တစ်လက်မခန့်ရှိသော မာကျောသည့် ဆူးချွန်များပါရှိသည်။ အပင်ရင့်လေ အပွေးထူလေဖြစ်၏။ အရွက်မှာ ရွက်မြှာနှစ်စုံ၊ သုံးစုံထိပ်တွင် တစ်ရွက်ပါရှိသော အစိမ်းရောင် အရွက်ဖြစ်သည်။ တပေါင်း၊ တန်ခူး၊ ကဆုန်လများတွင် အဝါနုရောင်အပွင့်များ အဆုပ်လိုက်ပွင့်လေ့ရှိသည်။

## မြန်မာ့သနပ်ခါး

သနပ်ခါးပင်ကို သီရိလင်္ကာ၊အိန္ဒိယအနောက်ပိုင်း၊ ထိုင်းနိုင်ငံ၊ ပါကစ္စတန်နှင့် မြန်မာနိုင်ငံအလယ်ပိုင်းအညာဒေသများတွင် တွေ့ရှိရသည်။ မြန်မာနိုင်ငံတွင် ပေါက်ရောက်သော သနပ်ခါးပင်သည် ကမ္ဘာပေါ်တွင် အရည်အသွေးအကောင်းဆုံးဖြစ်သည်။ အပူပိုင်းဒေသများဖြစ်သော စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းဒေသကြီးများတွင် သနပ်ခါးပင်များ အောင်မြင်ဖြစ်ထွန်း၏။ ထိုအထဲတွင် ရွှေဘိုသနပ်ခါး၊ ရှင်မတောင်သနပ်ခါးတို့မှာ အထင်ရှားဆုံးဖြစ်သည်။

မြန်မာ့သနပ်ခါးကို အေဒီ(၅)ရာစုခန့်က ပုဂံခေတ် မြန်မာလူမျိုးတို့ အသုံးပြုခဲ့သည်ဟု ဆို၏။ (၁၄)ရာစုတွင် မွန်ဘုရင်ရာဇာဓိရာဇ်၏ ကြင်ရာတော်ကဗျာစာဆိုရှင်နှင့် (၁၅)ရာစုတွင် ရဟန်းစာဆို ရှင်မဟာရဋ္ဌသာရတို့၏ ကဗျာမှတ်တမ်းများအရ ထိုခေတ်များ၌ပင် သနပ်ခါးကို မြန်မာလူမျိုးတို့ နှစ်သက်စွာ သုံးစွဲခဲ့သည်ကို တွေ့ရသည်။ သနပ်ခါးကို မနှစ်သက်သော မြန်မာအမျိုးသမီးဟူ၍ မရှိပေ။မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသော ကမ္ဘာလှည့်ခရီးသွားအမျိုးသမီးများသည်ပင်လျှင် မြန်မာ့သနပ်ခါးကို တန်ဖိုးထားလိမ်းကျံကြသည်ကို တွေ့ရှိလာနေရခြင်းမှာ မြန်မာ့ရိုးရာသနပ်ခါးအတွက် ဂုဏ်ယူဖွယ်ဖြစ်သည်။

သနပ်ခါးလိမ်းထားလျှင် စိတ်ကိုကြည်လင်လန်းဆန်းစေ၏။ သင်းပျံ့သောရနံ့နှင့်အတူ အသားအရေကို အေးမြချောမွတ်စေပြီး လိမ်းထားသူအားလှပစေခြင်းကြောင့် ရှေးခေတ်နန်းတွင်းသူများမှအစ ကောက်စိုက်သမများအဆုံး သနပ်ခါးကို ခုံမင်မြတ်နိုးစွာ လိမ်းခဲ့ကြသည်။ သနပ်ခါးအမြဲလိမ်းသူသည် အသားအရေကို စိုပြည်ဝင်းဝါသည်ဖြစ်ရာ

**'ရွှေဘိုသနပ်ခါးတုံးများ၊ ရန်ကုန်လိမ်းဖို့ယူ**
**ဘယ်လိုအသားမည်းမည်း ဝါဝါညက်ညက်ဖြူ**
**(ပုစွန်တောင်၊ ကြည့်မြင်တိုင်သူနဲ့ မန္တလေးမြို့**
**တော်သူ)၂**
**ရွှေဘိုသနပ်ခါးလိမ်းကြရင်ဖြင့် စိမ်းစိမ်းညက်**
**ညက်ဖြူ'ဟု**

'နန်းတော်ရှေ့ ဆရာတင်'က ရေးဖွဲ့ခဲ့ပြီး အဆိုတော် 'မန္တလာမြင့်' သီဆိုခဲ့သော 'ရွှေဘိုသနပ်ခါးသီချင်း'တွင် အသားညိုသောသူများပင်လျှင် ရွှေဘိုသနပ်ခါးလိမ်းပါက အသားအရေ ဝါဝါညက်ညက်ဖြူစေနိုင်သည်ဟု တင်စားခဲ့သည်။

## စီးပွားဖြစ် မြန်မာ့သနပ်ခါး

သနပ်ခါးပင်သည် အပူပိုင်းဒေသများတွင် ဖြစ်ထွန်းအောင်မြင်၏။ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းဒေသကြီးများတွင် စီးပွားဖြစ် ဧကကျယ်သနပ်ခါးစိုက်ခင်းကြီးများ တွေ့ရသကဲ့သို့ မိမိတို့နေအိမ်၊ ခြံဝင်းအတွင်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးမှုများလည်း တွေ့ရ၏။ စိုက်ပျိုးအပြီး နှစ်နှစ်၊ သုံးနှစ်သားတွင် သနပ်ခါးပင်၏ ပင်ခြေအတက်များ၊ အကိုင်းအခက်များကို ခုတ်ထွင်ဖယ်ရှားရသည်။ သက်တမ်းငါးနှစ်မှ ရှစ်နှစ်တွင် ဈေးကွက်ဝင်အရွယ်ရောက်ပြီဖြစ်၍ ခုတ်ယူရောင်းချနိုင်သည်။ သို့သော် အရည်အသွေးအကောင်းဆုံးသနပ်ခါးတစ်ပင်ရရန် သက်တမ်း ၃၅ နှစ်ခန့်လိုသည်ဟု ဆိုသည်။

သနပ်ခါးပင်မှာ ပထမအကြိမ် ခုတ်ယူရောင်းချပြီးသောအခါ မကြာမီ သန်မာထွားကြိုင်းသောသားတက်များ ပြန်ထွက်လာလေ့ရှိသဖြင့် ဘိုးစဉ်ဘောင်ဆက် အဆင့်ဆင့်ခုတ်ယူရောင်းချနိုင်သောကြောင့် သနပ်ခါးကို စီးပွားဖြစ် ဧကကျယ်များဖြင့် စိုက်ပျိုးသူများသည် သိန်းရာချီ ဝင်ငွေရရှိစေနိုင်သောကြောင့် မြန်မာ့သနပ်ခါးကို အပူပိုင်းဒေသ၏ 'ပဒေသာပင်'ဟု တင်စားခေါ်ဝေါ်ကြပြီး အပူပိုင်းဒေသ၏ 'ရတနာပင်'ဟု ဆိုလျှင် မှားမည်မဟုတ်ပေ။

## သနပ်ခါးနှင့် ကျန်းမာရေးအကျိုးထူးများ

သနပ်ခါးသည် ပူ၊ ခါး၊ ချုပ်၊ ပွင့်ဖြစ်၏။ သွေးကိုကြွစေတတ်၏။ ငန်းမန်းကိုနိုင်စေ၏။ အပူနာ၊ အအေးနာ နှစ်မျိုးစလုံးကို နိုင်၏ဟု ယောမင်းကြီးဦးဖိုးလှိုင်ရေးသားသော 'ဥတု ဘောဇန သင်္ဂဟကျမ်း' (၁၂၄၂ခုနှစ်)တွင် ဖော်ပြထားသည်။ မြန်မာ့တိုင်းရင်းသမားတော်များကလည်း သနပ်ခါးတစ်ပင်လုံး အသုံးဝင်ပုံကို ပြောပြထား၏။ သနပ်ခါးအရွက်နှင့် အပွေးများသည် ကင်ဆာကို ကာကွယ်နိုင်သော အာနိသင်ရှိ၏။ အမြစ်သည် အော့အန်ခြင်း၊ လေထိုးလေအောင့်ခြင်းကို သက်သာစေနိုင်သည်။ သနပ်ခါးအသီးပြုတ်ရည်ကို ပိုးမွှားအကိုက်ခံရသောနေရာတွင် လိမ်းပေးပါက အဆိပ်ကိုပြေစေနိုင်၏။ သနပ်ခါးရည်သည် အဆစ်အမြစ်ကိုက်ခဲသော ဝေဒနာကို သက်သာစေနိုင်သည်။ ဝက်ရူးပြန်ရောဂါနှင့် ငှက်ဖျားရောဂါများအတွက် သနပ်ခါးရွက်ကို ဖော်စပ်သောဆေးဖြင့် ရောဂါပျောက်ကင်းစေနိုင်ပြီး အရေပြားမှိုဝင်ရောဂါကိုလည်း သက်သာစေနိုင်ကြောင်း ညွှန်းဆိုထားသည်။



ယနေ့ခေတ် ဆေးပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သနပ်ခါးတွင် (Anti Bacterial နှင့် Anti Fungal) တို့ ပါဝင်ခြင်းကြောင့် အသားအရေကို ကြည်လင်သန့်စင်စေပြီး ဝက်ခြံ၊ တင်းတိပ်များ၊ အဖြူအမည်းစက်များဖြစ်ပေါ်မှုကို ပျောက်ကင်းစေနိုင်သည်။

သနပ်ခါးတွင်ပါဝင်သော (Coumarine) ဓာတ်သည် အသားအရေပေါ်တွင် ဘတ်တီးရီးယားမှုကြောင့် ဖြစ်ပေါ်သော ရောဂါများကို ဖယ်ရှားရှင်းလင်းပေးနိုင်သဖြင့် အိုမင်းရင့်ရော်မှုကို လျော့ကျစေနိုင်ပြီး အရွယ်တင်နုပျိုစေနိုင်သည်။

သနပ်ခါးတွင်ပါဝင်သော (Mamesin)ဓာတ်သည် ခရမ်းလွန်ရောင်ခြည် (UV-Aray)ကြောင့် မျက်နှာပေါ်ရှိ အရေပြားတွန့်ခြင်း၊ အရေပြားအရောင်ပျက်စီးခြင်း၊ အရေပြားကင်ဆာဖြစ်ပေါ်မှုတို့မှ အကာအကွယ်ရရှိစေနိုင်သည်။

သနပ်ခါး၏ မွှေးရနံ့ကြောင့် စိတ်ကိုကြည်လင်လန်းဆန်းစေပြီး စိတ်ဖိစီးမှုများ လျော့ကျစေနိုင်ခြင်းကြောင့် ယနေ့ခေတ် ဆေးပညာရှင်များသည် ပူအိုက်စွတ်စိုသောရာသီဥတုမျိုးရှိသည့် မြန်မာနိုင်ငံတွင် အရေပြားကို ထိန်းသိမ်းကာကွယ်ရန် သနပ်ခါးကို ပုံမှန်လိမ်းသင့်ကြောင်း အကြံပြုထားသည်။

## မြန်မာ့သနပ်ခါးနေ့

မြန်မာနိုင်ငံအချို့ဒေသများတွင် နှစ်စဉ်သင်္ကြန်အကြိုနေ့တိုင်း 'သနပ်ခါးသွေးပွဲတော်' ကျင်းပလေ့ရှိ၏။ သင်္ကြန်အကြိုနေ့ ညနေတွင် အမျိုးသမီးလေးများက သနပ်ခါးသွေးကြပြီး အမျိုးသားလေးများက သီချင်းများ သီဆိုတီးမှုတ်အားပေးလေ့ရှိသည်။ သွေးပြီးရလာသော သနပ်ခါးရည်ဖြင့် ဘုရားရုပ်ပွားတော်များကို ပက်ဖျန်းဆေးကြော (နံ့သာရည်သပ္ပာယ်)ကြကာ ကုသိုလ်ယူကြသည်မှာ မြန်မာလူမျိုးတို့၏ ချစ်စရာဓလေ့ဖြစ်သည်။ မြန်မာ့နှစ်သစ်ကူးပွဲတော်ကိုလည်း နှစ်ဟောင်းမှ အညစ်အကြေးများကို နံ့သာရည်ဖြင့် ပက်ဖျန်းဆေးကြောကာ ဆင်နွှဲလေ့ရှိ၏။ မြန်မာတိုင်းရင်းသားသွေးချင်းများဖြစ်သော ရခိုင်နှင့် မွန်လူမျိုးများသည်လည်း ရိုးရာနံ့သာသွေးပွဲ(သနပ်ခါးသွေးပွဲ)များ ကျင်းပလေ့ရှိသည်။

ထို့အပြင် တပို့တွဲလပြည့်နေ့သည် 'မြန်မာ့သနပ်ခါးနေ့'လည်းဖြစ်၏။ မြန်မာ့သနပ်ခါးကို ဂုဏ်ပြုသောအားဖြင့် 'မြန်မာ့ရိုးရာသနပ်ခါးပွဲတော်နှင့် သနပ်ခါးသရုပ်ဖော်ပြိုင်ပွဲ'ကို ရန်ကုန်မြို့ အင်းလျားကန်ဘေးရှိ 'စိမ်းလန်းစိုပြည်ပန်းခြံ' တွင် ကျင်းပခဲ့သည်။ ယခုနှစ်တွင်လည်း မြန်မာ့သနပ်ခါးကို ကမ္ဘာ့ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (UNESCO) ၏ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ထည့်သွင်းနိုင်ရန် 'သွေးချင်းစုံသနပ်ခါးသဘင် အမည်ဖြင့် သနပ်ခါးပွဲတော်နှင့် သနပ်ခါးသရုပ်ဖော်ပြိုင်ပွဲ'ကို ကျင်းပခဲ့သည်။ ထိုပွဲတွင် မြန်မာနိုင်ငံအတွင်း လူ့အဖွဲ့အစည်း ၃၆ခုက အသက် ငါးနှစ်မှ ၈၀နှစ်အထိ အသက်အရွယ်အစုံ ပါဝင်ဆင်နွှဲကြပြီး သနပ်ခါးကို မျက်နှာပေါ်တွင် ပုံစံအမျိုးမျိုး အလှပဆုံး လိမ်းခြယ်ပုံဖော်၍ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်စေရန် ကြိုးစားတင်ဆက်လျက်ရှိသည်။

ယခုအခါ သနပ်ခါးပင်စိုက်ပျိုးရေးနှင့် သနပ်ခါးယဉ်ကျေးမှုကို လူတန်းစားမရွေး လူသားအားလုံးကို ဖြန့်ဝေပေးနိုင်စေရန် 'သနပ်ခါးပြတိုက်' တစ်ခုကို 'ရွှေပြည်နန်းကုမ္ပဏီ'က ညောင်ဦးမြို့တွင် တည်ထောင်ဖွင့်လှစ်ခဲ့သည်။ ထို့အပြင် မြန်မာ့ရိုးရာသနပ်ခါး ယဉ်ကျေးမှုကို တန်ဖိုးထားထိန်းသိမ်း၍ ဆက်လက်ရှင်သန်စေရန်နှင့် လက်ဆင့်ကမ်းပေးနိုင်ရန် 'မြန်မာ့သနပ်ခါးအသင်း'ကို (၁၁-၁၁-၂၀၀၇)ရက်တွင် ဖွဲ့စည်းခဲ့ရာ မြန်မာတို့၏ရိုးရာဖြစ်သော သနပ်ခါးယဉ်ကျေးမှုဓလေ့ကို မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ကြိုးစားကြပါစို့ဟု တိုက်တွန်းရင်း မြန်မာ့သနပ်ခါးအကြောင်းကို ဂုဏ်ပြုရေးသားအပ်ပါသည်။

**ကိုးကား**

- **သနပ်ခါးအကြောင်းသိကောင်းစရာနှင့် စိုက်ပျိုးနည်းစနစ်-စိုက်ပျိုးရေးဦးစီးဌာန**
- **သနပ်ခါးနှင့်ကျန်းမာရေးအကျိုးထူး- Hello ဆရာဝန်**
- **ရွှေဘိုသနပ်ခါးသီချင်း၊ နန်းတော်ရှေ့ ဆရာတင်**

ခိုင်ခန့်(အမရပူရ)

# မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ရခိုင်ပြည်နယ်သို့တင်ပို့မည့် တန်ဖိုးငွေကျပ် ၈ ဒသမ ၁၈ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅၇ သိန်းကျော်နှင့်အတူ ဖမ်းဆီးရမိ


နေပြည်တော် ဇွန် ၁၂

မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ရခိုင်ပြည်နယ်သို့ တင်ပို့မည့် တန်ဖိုးငွေကျပ် ၈ ဒသမ ၁၈ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅၇ သိန်းကျော်နှင့်အတူ ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၄ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ပြည်-အောင်လံသွားကားလမ်းရှိ တိုးဂိတ်အနီး၌ မူးယစ်ဆေးဝါးများ အရောင်းအဝယ် ပြုလုပ်မည်ဖြစ်ကြောင်း သတင်းအရ စောင့်ဆိုင်းနေစဉ် အောင်ဇော်ဦး မောင်းနှင်သည့် TOYOTA PRADO ယာဉ်ပေါ်မှ ဘိုဘိုအောင် မောင်းနှင်ပြီး ဇင်သူအောင်၊ အောင်ပြည့်ဖြိုးတို့လိုက်ပါလာသည့် I-ZONE ယာဉ်ပေါ်သို့ လွှဲပြောင်းတင်ဆောင်နေစဉ် ရှာဖွေစစ်ဆေးခဲ့ရာ ၎င်းတို့လေးဦးနှင့်အတူ စိတ်ကြွရူးသွပ်ဆေးပြား ငါးသိန်းကို ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်များ အရ အောင်ဇော်ဦး ငှားရမ်းနေထိုင်သည့် ပြည်မြို့ ကျောင်းကြီးအိုးတန်းရပ်ကွက် ဆွေးနွေးဘုရားလမ်းရှိ နေအိမ်ကို ဆက်လက်ရှာဖွေခဲ့ရာ ကျော်ဇင်နှင့်အတူ စိတ်ကြွရူးသွပ်ဆေးပြား ၄၂ ဒသမ ၈၈၅ သိန်း ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း၊ ကွင်းဆက် စစ်ဆေးဖော်ထုတ်ချက်အရ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ခိုင်းသူ သိန်းဌေးနှင့် ၎င်း၏ဇနီး နန်းခမ်းဖိန်တို့ကို ဇွန် ၆ ရက် ညနေ ၃ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် မိုးကြိုးပစ်ကျေးရွာတွင် TOYOTA LANDCRUISER ယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ ဇွန် ၇ ရက် နံနက် ၉ နာရီတွင် စိုင်းဗညားမြင့်အောင်(ခ)ပီးပီး(ခ) စစ်ကားနှင့် မင်းလွင်ဦးတို့နှစ်ဦးကို မင်္ဂလာဒုံမြို့နယ် စွယ်တော်စီးတီးအိမ်ရာရှိ ကားပါကင်တွင် Hyundai Grand Starex ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်းနှင့်အတူ ထပ်မံဖော်ထုတ် ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ် ၈ ဒသမ ၁၈ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅၇ ဒသမ ၈၈၅ သိန်း သိမ်းဆည်းရမိခဲ့သည်။




စစ်ဆေးဖော်ထုတ်ချက်များ အရ ရှမ်းပြည်နယ်မှ ရခိုင်ပြည်နယ်သို့ စိတ်ကြွရူးသွပ်ဆေးပြားများ တင်ပို့ရောင်းချသူမှာ ရှမ်းပြည်နယ် ကျေးသီးမြို့နယ် ဝမ်ဟိုင်းနေ ထွန်းစီနှင့်ဇနီး နန်းရွှေရင်(ခ) နန်းမိုင်းခမ်း(ခ)နန်းခမ်းကြာတို့ဖြစ်ပြီး ၎င်းတို့၏အစီအမံဖြင့် ရှမ်းပြည်နယ် ဝမ်ဟိုင်းမှ ပြည်မြို့သို့ သယ်ဆောင်ပြီး ပြည်မြို့တွင် သိန်းဌေးနှင့် အောင်ဇော်ဦးတို့က နေအိမ်ငှားရမ်းသိုလှောင်ထားရှိကာ ရခိုင်ပြည်နယ်သို့ တစ်ဆင့် ပြန်လည်တင်ပို့ပေးခြင်းဖြစ်ကြောင်း၊ အလားတူ မန္တလေးမြို့မှတစ်ဆင့် ရန်ကုန်မြို့သို့ သယ်ဆောင်ပြီး ရန်ကုန်မှ တစ်ဆင့် ရခိုင်ပြည်နယ်သို့ တင်ပို့ရောင်းချခြင်းဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်မှ စိတ်ကြွရူးသွပ်ဆေးပြား သယ်ဆောင်ရောင်းဝယ်သူမှာ ထင်ထင်ကျော်(ခ)ရခိုင်ဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းမူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့၏ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



တရားခံများအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# တာချီလိတ်မြို့တွင် ငွေကျပ်သိန်း ၄၈၀၀၊ လားရှိုးမြို့တွင် ငွေကျပ် ၂၇၆ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၁၂

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၀ ရက်နံနက်ပိုင်းက တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ)ကျေးရွာအုပ်စု ဆွတ်ဆိုင်ကျေးရွာအနီး ဦးထွန်းအောင်တံတားတွင် သတင်းအရစောင့်ဆိုင်းနေစဉ် အိုက်ရှဲန်ဖူး မောင်းနှင်လာသော TOYOTA CROWN ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ အိုက်စ်(မက်သ်အဖက်တမင်း)ကီလို ၆၀ (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၈၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၄၈၀၀) ဖမ်းဆီးရမိသဖြင့် အိုက်ရှဲန်ဖူး(၃၈)နှစ်အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

အလားတူ လားရှိုးမြို့ ရပ်ကွက်(၃) နယ်မြေ(၁၀) ကြာနီလမ်းပေါ်တွင် တွေ့ရှိသူ သိန်းစိုးအောင်(ခ)အားဝေအား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀(တစ်ပြားလျှင်ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၅၀)သိမ်းဆည်းရမိပြီး ကွင်းဆက်စစ်ဆေးပေါ်ပေါက်ချက်အရ စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချပေးသူ လားရှိုးမြို့ ရပ်ကွက်(၇) နယ်မြေ(၂၀) ခိုင်ရွှေဝါလမ်းနေ လောဝ်ဝူ(ခ)လီမင်ချိန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၈၀၀ (တစ်ပြားလျှင်ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၀၄ သိန်း)နှင့် ပလတ်စတစ်ဆပ်ပြာခွက်များဖြင့် ထည့်ထားသည့် ဘိန်းဖြူအလေးချိန် ဂရမ် ၁၁၀ (တစ်ဂရမ်လျှင်ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၂ သိန်း) ဖမ်းဆီးရမိသဖြင့် သိန်းစိုးအောင်(ခ)အားဝေ (၂၉)နှစ်နှင့် လောဝ်ဝူ(ခ)လီမင်ချန် (၃၆) နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ သတင်းစဉ်



တရားခံ အိုက်ရှဲန်ဖူးအား သိမ်းဆည်းရမိသည့် အိုက်စ်(မက်သ်အဖက်တမင်း)များနှင့်အတူ တွေ့ရစဉ်။

※ ရှေ့ဖုံးမှ

အဆိုပါသဝဏ်လွှာတွင် အိန္ဒိယလေကြောင်းလိုင်း AI-171 သည် ၁၂-၆-၂၀၂၅ ရက်တွင် အိန္ဒိယသမ္မတနိုင်ငံ အမီဒါဘတ်မြို့အနီး၌ ပျက်ကျခဲ့ပြီး လူအများအပြား အသက်ဆုံးရှုံးခဲ့ကြောင်း သိရှိရသည့်အတွက် များစွာဝမ်းနည်းစိတ်မကောင်းဖြစ်ရပါကြောင်း၊ ယခုကဲ့သို့ ဝမ်းနည်းပူဆွေးရသည့်အချိန်ကာလတွင် မြန်မာအစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် အဆွေတော်နှင့်အိန္ဒိယပြည်သူများထံသို့ ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားပါကြောင်း၊ ယခုကဲ့သို့ ဆိုးရွားသည့် မတော်တဆဖြစ်စဉ်ကြောင့် အသက်ဆုံးရှုံးခဲ့ရသူများ၊ ၎င်းတို့၏မိသားစုဝင်များနှင့် ထိခိုက်ခံစားရသူအားလုံးအတွက် မိမိတို့က သတိရအောက်မေ့၍ ဆုမွန်ကောင်းများ ပို့သလျက်ရှိပါကြောင်း၊ ယခုကဲ့သို့ ဝမ်းနည်းပူဆွေးရသည့်အချိန်တွင် မြန်မာနိုင်ငံက အိန္ဒိယသမ္မတနိုင်ငံနှင့်အတူ စည်းလုံးညီညွတ်စွာ ရပ်တည်လျက်ရှိပါကြောင်းနှင့် အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက် ရှိပါကြောင်းဖြင့် ဖော်ပြပါရှိသည်။

**Chairman**
**State Administration Council**
**Republic of the Union of Myanmar**

Dated, 12 June 2025

Excellency,

It is with great sorrow to learn of the tragic news of the crash of Air India flight AI-171 near Ahmedabad, India on 12 June 2025 which claimed the loss of many lives.

On behalf of the people of Myanmar and on my own behalf, I wish to express our deepest sympathies and condolences to Your Excellency and the people of India in this time of immense grief.

Our thoughts and prayers are with those who have lost loved ones, and we stand in solidarity with India.

Please accept, Excellency, the assurances of my highest consideration.

Senior General Min Aung Hlaing

Her Excellency Smt. Droupadi Murmu
President
Republic of India
New Delhi

※ ရှေ့ဖုံးမှ

အဆိုပါ သဝဏ်လွှာတွင် အိန္ဒိယလေကြောင်းလိုင်း AI-171 သည် ၁၂-၆-၂၀၂၅ ရက်တွင် အိန္ဒိယသမ္မတနိုင်ငံ အမီဒါဘတ်မြို့အနီး၌ ပျက်ကျခဲ့ပြီး လူအများအပြား အသက်ဆုံးရှုံးခဲ့ရသည်ကို သိရှိရသည့်အတွက် များစွာဝမ်းနည်းစိတ်မကောင်းဖြစ်ရပါကြောင်း၊ ယခုကဲ့သို့ ဝမ်းနည်းပူဆွေးရသည့်အချိန်ကာလတွင် မြန်မာအစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် အဆွေတော်နှင့် အိန္ဒိယပြည်သူများထံသို့ ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားကြောင်းကို ဖော်ပြအပ်ပါကြောင်း၊ ယခုကဲ့သို့ ဆိုးရွားသည့် မတော်တဆဖြစ်စဉ်ကြောင့် အသက်ဆုံးရှုံးခဲ့ရသူများ၊ ၎င်းတို့၏မိသားစုဝင်များနှင့် ထိခိုက်ခံစားရသူအားလုံးအတွက် မိမိတို့အနေဖြင့် သတိရအောက်မေ့၍ ဆုမွန်ကောင်းများ ပို့သလျက်ရှိပါကြောင်း၊ ယခုကဲ့သို့ ဝမ်းနည်းပူဆွေးရသည့်အချိန်တွင် မြန်မာနိုင်ငံက အိန္ဒိယသမ္မတနိုင်ငံနှင့်အတူ စည်းလုံးညီညွတ်စွာ ရပ်တည်လျက်ရှိပါကြောင်းနှင့် အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက် ရှိပါကြောင်းဖြင့် ဖော်ပြပါရှိသည်။

**Prime Minister**
**Republic of the Union of Myanmar**

Dated, 12 June 2025

Excellency,

I was deeply saddened to learn of the tragic crash of Air India flight AI-171 near Ahmedabad, India on 12 June 2025, that resulted in massive loss of lives.

On behalf of the Government and people of Myanmar, and on my own behalf, I wish to extend my heartfelt condolences and deepest sympathies to Your Excellency, and the people of India during this time of great sorrow.

Our thoughts and prayers are with the victims, their families, and all those affected by this immense tragedy. Myanmar stands in solidarity with India in this moment of profound grief.

Please accept, Excellency, the assurances of my highest consideration.

Senior General Min Aung Hlaing

His Excellency Shri Narendra Modi
Prime Minister
Republic of India
New Delhi

## လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်(၃၀)ပြည့် ပုလဲရတုနှစ်ပတ်လည်နေ့အထိမ်းအမှတ် ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်း

နေပြည်တော် ဇွန် ၁၂

၂၀၂၅ ခုနှစ် ဇွန် ၁၅ ရက်တွင် ကျရောက်မည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်(၃၀)ပြည့် ပုလဲရတုနှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ဝန်ထမ်းများ စုပေါင်း သွေးလှူဒါန်းခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) အစည်းအဝေးခန်းမဆောင်(၂)၌ ကျင်းပသည်။



အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး သွေးလှူဒါန်းကြမည့် ဝန်ထမ်းများအား သွေးပေါင်ချိန်တိုင်းစစ်ဆေးမှု၊ သွေးအမျိုးအစားခွဲခြားသတ်မှတ်မှုနှင့် သွေးအလှူရှင်အား နည်းပညာအသုံးပြု မှတ်တမ်းတင် ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ (ယာပုံ)

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် ခန်းမအတွင်း၌ သွေးလှူဒါန်းနိုင်ရေး စစ်ဆေးပြီးစီးသည့်ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းနေမှုကို လိုက်လံကြည့်ရှုအားပေးစကားပြောကြားကြပြီး သွေးအလှူရှင်ဝန်ထမ်းများအား အာဟာရဖြည့်စွက်စာများနှင့် ထောက်ပံ့ငွေများကို ချီးမြှင့်ပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)တွင် ဆေးရုံတက်ရောက် ကုသမှုခံယူနေသည့်လူနာများအတွက် တစ်နေ့တာကျွေးမွေးစရိတ် ငွေကျပ် ၂၅ သိန်းနှင့် PPE ဝတ်စုံ ၃၆ စုံတို့ကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**


ယနေ့ ဖတ်စရာ အညွှန်း



အိန္ဒိယနိုင်ငံ၌ လူ ၂၄၂ ဦးလိုက်ပါသည့် ဘိုးရင်း ၇၈၇-၈ လေယာဉ်တစ်စင်းပျက်ကျ ယာဉ်ပေါ် လိုက်ပါသူအားလုံး အသက်ရှင်ကျန်ရစ်သူမရှိဟု ဒေသဆိုင်ရာ မီဒီယာများ ဖော်ပြ

စာမျက်နှာ ၈